မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၀၈ ခုနှစ်၊ မတ် ၂၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ **စာမျက်နှာ ၈ ကော်လံ ၁**

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

21-3 (01) 1 3/21/08, 1:41 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂၁ ရက်)

ကုသိုလ်ကောင်းမှုများဖြင့် ပြည့်စုံလျက် ရှိသည့် နွေဦး၏အစ တပေါင်းလ အခါသမယ

ယနေ့သည် ၁၃၆၉ခုနှစ် တပေါင်းလပြည့်နေ့ အခါသမယနေ့ဖြစ်သည်။ တပေါင်းလသည် ဆောင်းအကုန် နွေအကူး နွေဦး အစလဖြစ်၍ ဆောင်းနှင့်နွေရာသီ နှစ်လီအလှတို့ ရောယှက်စွာ တွေ့မြင်နေရသည်။

မြန်မာ့ဆယ့်နှစ်လရာသီဝယ် တပေါင်းလသည် အခြားသောလများထက် ထူးခြားချက် ဝိသေသများမှာ စာပန်းချီဖွဲ့ဆို၍ မကုန်နိုင်ပေ။ အင်ကြင်းနှင့်သရဖီတို့ အပြိုင်ဖူးပွင့်ဝေဆာနေသကဲ့သို့ ဥသြတွန်သံများကလည်း နွေသရုပ်ကို ထုတ်ဖော်ပြဆိုနေပေသည်။

မြတ်စွာဘုရားရှင်အား ဖခမည်းတော်ရှိရာ ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူရန် ကာဠုဒါယီအမတ်ကြီးက တပေါင်းလနှင့် လမ်းခရီး၏ သာယာလှပပုံတို့ကို ဂါထာပေါင်း ၆၄ဂါထာ သီကုံး၍ လျှောက်ထားခဲ့သည်။

ဘုရားရှင်က နေပြည်တော်သို့ ကြွရောက်ဖြစ်အောင် ပင့်ဆောင်နိုင်ခဲ့သည့် အရှင်ကာဠုဒါယီ အပါအဝင် အခြားသော တပည့်သာဝက များထဲမှ ထူးချွန်ထက်မြက်သည့် သာဝကများကို ဘွဲ့တော်အသီးသီး ချီးမြှင့်တော်မူခဲ့သည်။ ရှေးမြန်မာတို့က တပေါင်းလ၌ မြစ်များ၊ ချောင်းများ ရေစစ်ပြီး သဲသောင်ပြင်များ ဖြစ်ထွန်းလျက်ရှိရာ သဲသောင်ပြင်ထက်တွင် သဲပွင့်များစု၍ စေတီတည်ထားကာ သဗ္ဗညုတ မြတ်စွာဘုရားအား ရည်မှန်းပူဇော်သည့် သဲပုံစေတီပွဲတော်များ ကျင်းပခဲ့ကြသည်။

ရှေးမင်းကောင်းမင်းမြတ်များ လက်ထက်ကလည်း သီလ၊ သမာဓိ၊ ပညာကြီးမားတော်မူကြသည့် ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခဲ့ကြသည်။

အလားတူ နိုင်ငံတော်အစိုးရက တပေါင်းလပြည့်နေ့ရောက်တိုင်း သာသနာတော်သုံးရပ်၌ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်တော် လောင်းလှူပွဲများ ကျင်းပခြင်းတို့ကို တပေါင်းလပြည့် အခါသမယ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နွေဦး၏အစ လတပေါင်းသည် သာပေါင်းစုံညီ လှသည့်အပြင် ကြည်နူးဖွယ်ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့နှင့် ပြည့်စုံလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘဘိုးဘွားကျေးဇူးရှင်အပေါင်းတို့နှင့် မန္တလေးမြို့ ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ကို အမှူး ထားကာ မန္တလေး-ကသာ(ရွှေဒဂေါ်ါးဆေးတိုက်)ပိုင်ရှင် ဦးချစ်မောင်- ဒေါ်တင်တင်၊ သားသမီး၊ မြေးများက အလှူငွေကျပ် သုံးသိန်းကို ရန်ကုန် တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်သုဝဏ္ဏာလင်္ကာရ(ဘုံဘော)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး အနောက်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက်လှိုင်မြို့နယ် ၁၆ရပ်ကွက် မာလာမြိုင် ၉လမ်း အမှတ်၃နေ(ဦးမြင့်သိန်း-ဒေါ်တင်လှ)တို့အား ရည်စူး၍ သမီးမလှိုင်လှိုင်မြင့်မိသားစုက သူမ၏မွေးနေ့ အလှူအဖြစ်အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးထွန်းတို့ လက်ခံယူစဉ်။ (က-ပ)

သစ္စာလေးပါးတရား ဟောကြားမည်

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း ရန်ကင်း မြို့နယ် စိုက်ပျိုးရေးဓမ္မဗိမာန် ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဘဒ္ဒန္တစန္ဒောဘာသ ဆရာတော်ကြီး၏ တပည့်ဖြစ်တော်မူသော ဓမ္မာရုံဆရာတော် အရှင်ဇာဂရသည် လှိုင်မြို့နယ် အောင်သစ္စာလမ်း မိုးရွှေရင်အေး ဓမ္မသဘင်၌ မတ်၁၈ရက်မှ ၂၇ရက်အထိ လည်းကောင်း၊ တောင်ဥက္ကလာပ မြို့နယ် (၁၁) ရပ်ကွက် ရာဇသင်္ကြန်လမ်း သာသနဟိတဓမ္မာရုံ၌ ဧပြီ၁ရက်မှ ၅ရက်အထိ လည်းကောင်း၊ ပန်းတနော် မြို့နယ်အောက်ကွင်းရွာသန္တိသုခဓမ္မာရုံ၌ ၁၂ရက်မှ၁၈ရက်အထိလည်းကောင်း ညစဉ်၇နာရီမှစ၍ သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၃-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၇။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၃။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **ဝေလည်းမွေး ကြွေလည်းမွေး** (ပထမပိုင်း) သရုပ်ဆောင်-ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း (ဒါရိုက်တာ- ခင်မောင်ဦး၊ စိုးသိန်းထွဋ်)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **ဝေလည်းမွေး ကြွေလည်းမွေး** (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်-ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း (ဒါရိုက်တာ- ခင်မောင်ဦး၊ စိုးသိန်းထွဋ်)
	၁၇။	စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့် ထူးဆန်းသောညှို့သည်**

မီးအစဉ်သတိပြု

ဖြူး ရွှေကျင်(မြောက်ကျောင်း) တရားစခန်းသိမ်းပွဲ

ရန်ကုန် မတ် ၂၀

သတ္တမအကြိမ်မြောက် ဖြူးမြို့ ရွှေကျင် (မြောက်ကျောင်း) မိုးကုတ် ဝိပဿနာ ခုနစ်ရက်တရားစခန်းသိမ်း ပွဲ အခမ်းအနားကို မတ် ၁၀ရက် ည ၈နာရီက အဆိုပါ ကျောင်းခန်းမ ဆောင်၌ ကျင်းပသည်။

ဩဝါဒစကားပြောကြား

ထို့နောက် တရားစခန်း ဩဝါဒါစရိယ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက ဩဝါဒကထာချီးမြှင့်ပြီး ပင်တိုင်ကမ္မဋ္ဌာနာစရိယ တရားပြ ဆရာ ဦးသန်းစိုး (နာရဏီသိမ်တော်၊ ပဲခူး)က ဆုံးမဩဝါဒစကား ပြောကြားသည်။

နှုတ်ခွန်းဆက်

ယင်းနောက် တရားစခန်း ကော်မတီ ဥက္ကဋ္ဌ ဦးသက်စိန်က နှုတ်ခွန်း ဆက်စကားပြောကြားပြီး ယောဂီများ ကိုယ်စား ဒေါက်တာ ဦးစိန်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ (က-ပ)

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ် ဝါပ ၁၀ ရက် အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ် ကျင်းပအပ်သော ဝါပ ၁၀ ရက် အထူးတရား စခန်းပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ မတ်၂၁ရက် (တပေါင်းလဆန်း ၆ရက်မှ ၁၅ရက်အထိ) ကျင်းပသည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေး ကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ် နာယက ပြည်တွင်း ပြည်ပသာသနာပြု ဘဒ္ဒန္တတေဇိန္ဒ(B.Sc,Phy)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ် ရောက်ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြား သည်။ အဖွဲ့ချုပ်ကြီးအတွင်း လေးထပ်ဘောဇနဆောင်ကြီး ဆောက်လုပ် နေပြီဖြစ်ရာ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ် ဆောင်ရွက်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အဖျောက် လောကမာရ်အောင်မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း တိုက်ကြီးအဖျောက် မြို့အတွင်း ပိဋကတ်သုံးပုံ ကျောက်စာ များတည်ရှိရာ မဟာသံတန်ဆောင်း တော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူ သည့် လောကမာရ်အောင်မြတ်စွာ ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်မှ ၉ရက်အထိ မြတ်ပဋ္ဌာန်း ပူဇော်ပွဲ၊ တပေါင်းလပြည့်ကျော် ၉ရက်မှ ၁၂ရက်အထိ ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာ လက်ဖွဲ့ပွဲများနှင့် ဇာတ်သဘင် တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အမ္ဗာရာမ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဗာရာမ ဝိပဿနာ ကျောင်းတိုက်၌ အမ္ဗာရာမ ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော် အရှင် ဦးတိက္ခိန္ဒြိယနှင့် ဆရာတော် ဦးတိက္ခတို့ ညွှန်ပြတော်မူခဲ့သည့် နည်းအတိုင်း သတိပဋ္ဌာန် ဝိပဿနာ တရားတော်ကို ဧပြီ၁ရက်မှ စ၍ သင်္ကြန်အခါတော်ရက်အတွင်းခုနစ်ရက် တရားစခန်းဖွင့်၍ တရားအားထုတ်ကြ မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရွှေတိဂုံပုံတူ အနှိုင်းမဲ့ဆုပန်ပြည့်စေတီတော် တည်ထားမှု ကုသိုလ်ပါဝင် လှူဒါန်းနိုင်

ရန်ကုန် မတ် ၂၀

ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားရေးကို ရည်ရွယ်၍ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ အနှိုင်းမဲ့ဆုပန်ပြည့်စေတီတော်ကို တည်ဆောက်လျက်ရှိသည်။ ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁ရက် (မတ် ၇ရက်)တွင် စေတီတော်ဌာပနာသွင်း ကျင်းပခဲ့ပြီးဖြစ်သည်။ စေတီတော်မှာ ဉာဏ်တော် ၄၆ပေ–၆ လက်မရှိပြီး ထီးတော်တင် မင်္ဂလာအခမ်းအနားကို ပြေလတတိယပတ်ခန့်တွင် ကျင်းပမည် ဖြစ်သည်။

ဘုရားရင်ပြင်တော် ကျောက်ပြားခင်းခြင်းလုပ်ငန်း၊ အုတ်တံတားကာရံခြင်းလုပ်ငန်း၊ မုခ်ဦးတည်ဆောက်ခြင်းလုပ်ငန်း၊ ဓမ္မာရုံတည်ဆောက်ခြင်း လုပ်ငန်းများ၊ ၂၅ပေ အမြင့်ရှိ တံခွန်တိုင်တည်ဆောက်ခြင်း၊ စေတီတော် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဥယျာဉ်တည်ဆောက်ခြင်း၊ အဝီစိရေတွင်း တူးခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်သည်။ ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဖုန်း–၀၅၈–၂၁၂၃၃၊ ၀၅၈–၂၁၀၈၃၊ ၀၅၈–၂၁၀၁၉၊ ၀၅၈–၂၁၁၆၅နှင့် ၀၅၈–၄၆၀၁၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တက္ကသိုလ်များ သမိုင်းအထူးပြု (၁၉၆၄–၆၅) မှ (၂၀၀၆–၂၀၀၇) ခုနှစ် ကျောင်းသား ကျောင်းသူ ဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ နာယက ဆရာမ ဒေါက်တာမာဂရက်ဝေါင်း က အလှူရှင် လူမှုထူးချွန်ပထမဆင့် ဦးမြသိန်း (M.D.G Co., Ltd.) အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် တပေါင်းလပြည့်နေ့ (ဥပုသ်နေ့)
၂၁–၃–၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
	–	ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်
၇:၃၀	၂။	နံနက်ခင်းသတင်း
၇:၄၀	၃။	မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄:၁၀	၂။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၂၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၄:၃၅	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၄:၄၅	၅။	ဓမ္မပူဇာတေးအစီအစဉ်
၅:၀၀	၆။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း–၂)
၆:၀၀	၇။	ညနေခင်းသတင်း
၆:၃၀	၈။	မိုးလေဝသအခြေအနေ
၆:၃၅	၉။	သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀	၁၀။	မြန်မာရုပ်ရှင် **ဝေလည်းမွှေး ကြွေလည်းမွှေး** ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း၊ မြင့်မြင့်ခိုင် ဒါရိုက်တာ–ခင်မောင်ဦး စိုးသိမ်းထွဋ်
၈:၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	မြန်မာရုပ်ရှင် **ဝေလည်းမွှေး ကြွေလည်းမွှေး** (အပိုင်း–၂) ကျော်ဟိန်း၊ ဒွေး၊ တင့်တင့်ထွန်း၊ မြင့်မြင့်ခိုင် ဒါရိုက်တာ–ခင်မောင်ဦး စိုးသိမ်းထွဋ်
	၁၅။	အစီအစဉ်ပြီး၏။

အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ဓမ္မဒါနဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း (၂)လမ်းထောင့်ရှိ ရွှေနေချုပ်ရုံးဓမ္မာရုံတွင် ဥပဒေရုံးများဆိုင်ရာဗုဒ္ဓသာသနာနုဂ္ဂဟအသင်းက ကြီးမှူး၍ အသက်ခြောက်နှစ်မှ ၁၂နှစ်အရွယ် ကျောင်းသားလူငယ်များအတွက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဓမ္မဒါနအဖြစ် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသော ကျောင်းသားလူငယ်များ၏ မိဘအုပ်ထိန်းသူတို့သည် အထက်ပါ ဓမ္မာရုံ၌ မတ် ၂၂ ရက်နှင့် ၂၃ ရက် မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအတွင်း စာရင်းပေးသွင်းနိုင်ပြီး သင်တန်းကာလနှင့် အချိန်မှာ မတ် ၂၅ရက်(အင်္ဂါနေ့)မှ ဧပြီ၉ ရက် (ဗုဒ္ဓဟူးနေ့)အထိ (ပိတ်ရက်မရှိ)နေ့စဉ်နံနက်၇နာရီမှ ၈နာရီခွဲအထိ ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက ဖုန်း–၂၅၂၇၂၄၊ ၃၈၄၅၁၆နှင့် ၃၈၄၈၁၄ တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌအား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေးစစ်ဆေး

ရန်ကုန် မတ် ၂၀

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့် ဦးဆောင်၍ဦးမောင်တိတ်(လက်ထောက်အင်ဂျင်နီယာ)၊ ဦးသောင်းစိန်(စစ်ဆေးရေးမှူး–၂)၊ ဦးဝင်းနိုင်(ဒုတိယဦးစီးမှူး) ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လှ၊ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ဦးစိုးနိုင်၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်တို့နှင့်အတူ မတ် ၁၈ရက် နံနက် ၈နာရီက လားရှိုးမြို့ မန်ဆူ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ လားရှိုး–ရန်ကုန် အဝေးပြေး ခရီးသည်တင် အသင်းများဖြစ်သည့် လားရှိုး မန်းရွှေပြည်အသင်း၊ မြတ်မန္တလာထွန်း အသင်းနှင့် တက်လမ်းအသင်းရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ၊ မရှိ၊ ယာဉ်ကြံ့ခိုင်မှု ရှိ၊မရှိတို့ကို ရှောင်တခင် လှည့်လည်စစ်ဆေးခဲ့သည်။

ဟောပြော

ကျန်ဌာနများမှ တာဝန်ရှိသူများကလည်း မိမိတို့ဌာနနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။ **(က–ပ)**

ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ဦးကံညွှန့်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူး ဦးဆန်းယု ဦးစီးသည့်အဖွဲ့သည် ယာဉ်မတော်တဆမှုများ လျှော့နည်းပပျောက်စေရေး အတွက် မတ် ၁၅ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကားဂိတ်ဝင်းအတွင်း နေ့စဉ်ဝင်ထွက်သွားလာနေသော ခရီးသည်တင်ယာဉ်များ၏ ကြံ့ခိုင်မှုအခြေအနေများ စစ်ဆေးခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင် ကိုင်ဆောင်ခြင်းရှိ/မရှိ စစ်ဆေးခြင်းနှင့် အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာရေး ပညာပေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အမက (၈) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၀

မြောက်ဥက္ကလာပမြို့နယ် အမက(၈) ကျောင်းသူ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အသက်(၆၀)နှစ်အထက် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အဆိုပါကျောင်း ငမိုးရိပ်ခန်းမဆောင်၌ မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးကြည်ဦးသိန်း ဖုန်း–၆၉၉၈၇၆၊ ဦးထွန်းထွန်းဦး ဖုန်း–၀၉–၅၀–၀၉၈၉၇ နှင့် ဦးဝင်းနိုင် ဖုန်း ၀၉–၅၁–၂၉၁၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၈)**

The Live News ဂျာနယ် အမှတ် (၇၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၀

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

CNG တပ်ဆင်ရန် ချေးငွေထုတ်ထားသော မော်တော်ယာဉ်ပိုင်ရှင်များ ဘဏ်သို့ ငွေများပြန်လည်ပေးသွင်းကြရန် နှိုးဆော်ထား၊ လူစည်ကားရာနေရာများတွင် ကြော်ငြာဘုတ်ထောင်ခြင်းကို လေလံစနစ်ဖြင့်သာ ခွင့်ပြုတော့မည်၊ မိန်းမပျိုလေးများ အလှချင်းပြိုင်ခဲ့ကြတဲ့ Sedona Hotel က Tri Show ညချမ်းအလှ၊ ၂၀၀၈ အာဆီယံစွမ်းအင်ဆုပြိုင်ပွဲ မြန်မာစက်ရုံများ ဝင်ရောက်ယှဉ်ပြိုင်နိုင်၊ အရူးလက် ဆူးခက်အပ်သလို လုပ်နေတဲ့ ပြင်သစ်သမ္မတကြီး ဆာကိုဇီရဲ့ ချူကလီးယား ဒီပလိုမေစီ၊ မတွေ့စဖူး ခုန်ကနေရှာသော ဂျော့ဒဗလျူဘုရှ်၊ ပါကစ္စတန်နိုင်ငံရှိ အီတာလျံစားသောက်ဆိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်သံရုံးမှ ဆေးဝန်ထမ်း အမျိုးသမီးတစ်ဦးသေဆုံး၊ နယူးယောက်မြို့မှ ကရိန်းပြိုလဲကျမှု အနည်းဆုံး လူလေးဦးသေဆုံး၊ ကမ္ဘာကျော်အနုပညာရှင် ဘရစ်တ်နေဂျင်းစပီးယားစ်၏ ဘဝအကြောင်း တစေ့တစောင်း၊ အတက်နှင့် အဆင်း၊ တစ်ခုသော တေးချင်းမဂ္ဂဇင်းများ၊ အိပ်မက်လှလှမက်စေချင်၊ သမိုင်းကြောင်းကောင်းတဲ့ စမ်းချောင်းမြို့နယ်က ကျွန်းတောလမ်း၊ တက္ကစီမင်းနှင့် ထိန်ပင်တချွေ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘင်္ဂလားဒေ့ရှ် အနောက်တောင်ပိုင်း၌ ကျားများသောင်းကျန်း ကျားကိုက်၍ ခြောက်ဦးသေဆုံး၊ ၁၂ဦးကုတ်ဖဲ့ခံခဲ့ရ

ဒါကာ မတ် ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အနောက်တောင်ဘက် မိုင်၃၀၀အကွာ ဆန်ဒါဘန်းစ် ဒီရေရောက်တောများ အနီးဝန်းကျင်ရှိ ကျေးရွာများ၌ ကျားများ(အောက်ပုံ)သောင်းကျန်းလျက်ရှိရာ လွန်ခဲ့သောနှစ်လအတွင်း ခြောက်ဦး ကျားကိုက်၍ သေဆုံးပြီး ၁၂ဦး ကုတ်ဖဲ့ခံရကြောင်း သစ်တောတာဝန်ရှိသူများက မတ် ၁၈ရက်တွင် ပြောကြားသည်။

နောက်ဆုံးကျားကိုက်မှုမှာ မတ် ၁၇ရက်က ဒါကာမြို့အနောက်တောင်ပိုင်း ဆက်ခါလီကျေးရွာအနီး တံငါသည်တစ်ဦး ကျားကိုက်၍ သေဆုံးခဲ့ရသည်။

ကျားကိုက်ခံရ

အဆိုပါ ကျားကိုက်ခံရသူများသည် ဒီရေရောက်တောများအနီး ငါးဖမ်းခြင်း၊ လယ်ယာလုပ်ကိုင်နေကြစဉ်အတွင်း ကျားကိုက်ခံရခြင်း ဖြစ်သည်။

ပြောကြား

ကျားများသည် အဆိုပါဒေသရှိ ကျေးရွာများသို့ ညအခါတွင် လူများ အိပ်ပျော်နေချိန် ဝင်ရောက်ဆွဲလေ့ရှိကြောင်း သစ်တော တာဝန်ရှိသူများက ပြောကြားသည်။

ပက်ပင်းတိုး

ပြီးခဲ့သည့်နှစ်က ဘင်္ဂလားဒေ့ရှ် ကမ်းခြေများသို့ ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ကျားများ ယင်းဒေသ၌ကောင်ရေများပြားလာကြောင်း၊ အစာရှာထွက်စဉ် လူများနှင့်ပက်ပင်းတိုးမိပြီး မကြာခဏတိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ မစ်ဆော်ရီပြည်နယ် အနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကာသေ့ဂျ် အရပ်၌ မြစ်ရေလျှံပြီး ရေလွှမ်းမှုဖြစ်နေသည်ကို မတ် ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့ဂျေရုဆလမ်မှ ဆရာတစ်ဦး ဓားထိုးခံရ

ဂျေရုဆလမ် မတ် ၂၀

အရှေ့ဂျေရုဆလမ် မြို့ဟောင်းဒေသ၌ ဂျူးဓမ္မဆရာတစ်ဦး ဓားထိုးခံရသဖြင့် ဒဏ်ရာရသွားကြောင်း အစ္စရေး ရဲတပ်ဖွဲ့က ကြေညာသည်။

ဓားဖြင့်ထိုးသူ ပါလက်စတိုင်းတစ်ဦးမှာ လွတ်မြောက်သွားသည်။ အခင်းဖြစ်ပွားသည့်နေရာသည်ပါလက်စတိုင်းဈေးဆိုင်၊ လက်ဖက်ရည်ဆိုင်များဖြင့် ပြည့်ကျပ်နေသည့် မြို့ဟောင်း အနီးတွင် တည်ရှိသည်။

သေဆုံး

ပြီးခဲ့သည့်လအတွင်းက ပါလက်စတိုင်းသေနတ်သမားတစ်ဦးဝင်ရောက်ပစ်ခတ်သဖြင့် အစ္စရေးလူငယ်ရှစ်ဦး သေဆုံးသွားသည်။ဓားဖြင့်အထိုးခံရသူမှာ ယင်းရဟူဒီကျမ်းစာသင်ကျောင်းမှ ဓမ္မဆရာဖြစ်ကြောင်း သိရသည်။

ခဲဖြင့်ပစ်ပေါက်

မတ်၁၆ရက်က အရှေ့ဂျေရုဆလမ်တွင် အစ္စရေး ရဲတပ်ဖွဲ့နှင့် ဂျူးတို့တက်ကြွစွာ လှုပ်ရှားသူများအကြား အဓိကရုဏ်း ဖြစ်ပွားသည်။ ကျမ်းစာသင်ကျောင်းအတွင်း သေနတ်ဖြင့်ပစ်သူ ပါလက်စတိုင်း လူမျိုးတစ်ဦး နေအိမ်သို့ သွားရောက်ရန် ကြိုးပမ်းသည့် ဆန္ဒပြသူများအား အစ္စရေးက တားဆီးစဉ် အဓိကရုဏ်းဖြစ်ပွားခြင်း ဖြစ်သည်။ ဆန္ဒပြသူများက ခဲဖြင့် ပစ်ပေါက်သည် ဆို၏။

ကြေညာ

အစ္စရေးက အရှေ့ဂျေရုဆလမ်ကို ၁၉၆၇ ခုနှစ် အာရပ်- အစ္စရေးစစ်ပွဲအတွင်းက သိမ်းလိုက်ခြင်းဖြစ်ပြီး တစ်မြို့လုံးကို မြို့တော်ဟု ကြေညာသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်လာမည့် ၄၂၈ မီတာမြင့် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ၈၂မီတာမြင့်ပြီး ၂၄ ထပ်ရှိ ရှန်းယန်မြို့တွင် အမြင့်ဆုံး အဆောက်အအုံဟောင်းတစ်ခုအား ဖြိုချနေသည်ကို မတ် ၁၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စိတ်သောကရောက်သော မိဘများကြောင့် သားသမီးများ နာမကျန်းဖြစ်ရ

လန်ဒန် မတ် ၂၀

စိတ်သောကရောက်နေသောမိဘများနှင့် အတူနေထိုင်သော သားသမီးများသည်နာမကျန်းဖြစ်ဖွယ်ရှိကြောင်း သုတေသနအဖွဲ့ တစ်ဖွဲ့က လေ့လာတင်ပြထားသည်။

ရှာဖွေ

ရိုချက်စတာ တက္ကသိုလ်မှ သိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့က ကလေးများ နာမကျန်းဖြစ်ရသည့် အဓိကအကြောင်းအရင်းများကို ရှာဖွေခဲ့ရာတွင် စိတ်သောက ပွေလီနေသော မိဘများနှင့် အတူနေထိုင်သည့် သားသမီးများတွင် အများဆုံးတွေ့ရသည်ဟု ဆိုသည်။

ထိုအဖွဲ့က စိတ်ဖိစီးမှုနှင့် ကလေးများ စိတ်ကျန်းမာရေးအကြား ဆက်စပ်နေသည့်အချက်ကို တွေ့ရှိထားသည်။

တွေ့ရှိ

စိတ်ဖိစီးမှုသည် ကိုယ်ခံစွမ်းအား ကျဆင်းစေလျက်ရောဂါပိုးများအလွယ်တကူ ကူးစက်ကာ နာမကျန်းဖြစ်ရကြောင်း အဆိုပါအဖွဲ့က တွေ့ရှိခဲ့သည်။

ပြုလုပ်

ယင်းအဖွဲ့သည် ဗြိတိန်နိုင်ငံတစ်ဝန်းမှ ကလေး ၁၆၉ဦးတို့အား စုံစမ်း သုတေသန ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဂျာမန် မာစီဒီးကားကုမ္ပဏီ ဂျကာတာ၌ ကားထုတ်မည်

ဂျကာတာ မတ် ၂၀

ဂျာမန်ထိပ်တန်းကား ထုတ်လုပ်ငန်းကုမ္ပဏီဖြစ်သည့် မာစီဒီးဘင့်ဇ်က အင်ဒိုနီးရှားနိုင်ငံ၌ ယူရို ၁၀သန်း ရင်းနှီးမြှုပ်နှံလျက် ပထမဆုံးသော ဘတ်စ်ကားစက်ရုံကို တည်ဆောက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ အမှုဆောင်အရာရှိတစ်ဦးက မတ်၁၈ရက်တွင် ပြောကြားသည်။

မျှော်လင့်ထား

ယင်းစက်ရုံသည် ဂျကာတာမြို့ ဆင်ခြေဖုံး ဘိုဂေါအရပ်၌ရှိပြီး ၎င်းစက်ရုံမှ တစ်နှစ်လျှင် ဘတ်စ်ကားစီးရေ ၉၀၀၀ထုတ်လုပ်သွားရန် မျှော်လင့်ထားသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

ဖေဖေ ဖြေပါဦး . . .

အလုပ်မှပြန်လာသော ဖခင်ဖြစ်သူအား သားငယ်ကမေးလေသည်။

သားငယ် ။ ။ ဖေဖေ··· သားမေးစရာရှိလို့။

ဖခင် ။ ။ မေးပါဗျာ။

သားငယ် ။ ။ ဘတ်စ်ကားမှတ်တိုင်ရောက်ရင် ဘတ်စ်ကားတွေ ရပ်ရတယ်နော်။

ဖခင် ။ ။ အေးပေါ့··· ရပ်ရတာပေါ့။

သားငယ် ။ ။ ဘူတာရုံတွေရောက်ရင် မီးရထားတွေ ရပ်ရတယ်နော်။

ဖခင် ။ ။ မှန်တာပေါ့။

သားငယ် ။ ။ ဒါဆို အလုပ်ရပ်တဲ့နေရာကောရှိရဲ့လား ဖေဖေ။

ဖခင် ။ ။ ''ဟေ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ကမ္ဘာတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှု ၂၀၀၆ခုနှစ်အတွင်း တစ်သန်းကျော် သေဆုံးခဲ့ဟု ဒဗလျူအိတ်ချ်အို သတင်းထုတ်ပြန်

ဝါရှင်တန် မတ် ၂၀

ကမ္ဘာတစ်ဝန်း တီဘီရောဂါဖြစ်ပွားမှုသည် ၂၀၀၆ခုနှစ်အတွင်း ဒုတိယနှစ်အဖြစ် လျော့နည်းလာခဲ့ကြောင်း၊ သို့သော်လည်း ယင်းရောဂါ အသစ်ဖြစ်ပွားမှုသည် ၉ဒသမ၂သန်းအထိရှိနေဆဲဖြစ်ပြီး လူပေါင်း ၁ဒသမ ၇သန်း သေဆုံးခဲ့ကြောင်း ဒဗလျူအိတ်ချ်အိုက မတ်၁၇ရက်၌ သတင်းထုတ်ပြန်သည်။

ပိုမိုများပြား

၂၀၀၆ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းသည် ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၀ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ကမ္ဘာတစ်ဝန်း တိုးတက်လာသော လူဦးရေနှင့်နှိုင်းစာလျှင် တီဘီဖြစ်ပွားမှုပိုမိုများပြားလာပြီး ကျဆင်းနှုန်းမှာ အသင့်အတင့်သာရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြသည်။

ကူးစက်ရောဂါများတွင် အေအိုင်ဒီအက်စ်က ရှေ့ဆုံးတွင်ရပ်တည်ပြီး တီဘီရောဂါက နောက်မှလိုက်နေရာ ယင်းရောဂါကိုတိုက်ဖျက်ရန် ငွေကြေးလိုအပ်နေချိန်တွင် မကြာသေးမီက တီဘီတိုက်ဖျက်မှုနှုန်း တန့်နေခြင်းသည် စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ဦးတည်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

ဒေသအားဖြင့် အာဖရိကတိုက်တွင် တီဘီရောဂါဖြစ်ပွားမှုနှုန်း အမြင့်မားဆုံးဖြစ်နေချိန်တွင် အာရှတိုက်တွင် အများဆုံးဖြစ်ပွားနေကြောင်း၊ နိုင်ငံအားဖြင့် အိန္ဒိယနိုင်ငံ၌ တီဘီရောဂါအများဆုံးဖြစ်ပွားနေပြီး တရုတ်၊ အင်ဒိုနီးရှား၊ တောင်အာဖရိကနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့က နောက်မှကပ်လိုက်နေကြောင်း နိုင်ငံနှင့်ဒေသပေါင်း ၂၀၂ခုကို အခြေခံစစ်တမ်းကောက်ယူချက်အပေါ် အခြေခံသော ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။ အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

သံသယကို ရှေ့တန်းတင်ခဲ့မိရာဝယ်....

နိုင်ရင်ဆွေ(**အပေါ်အလယ်ပုံ**)ဆိုသူ အမျိုးသားတစ်ဦးသည် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် နေထိုင်ခဲ့သူ ဖြစ်သည်။ သူသည် လွန်ခဲ့သော ၁၄နှစ်က အသက် ၄၀ အရွယ်တွင် သူ့ထက် ၁၅နှစ်ငယ်သော မိန်းမချောလေး အန်အန်လီယူနှင့် မေတ္တာမျှကာ လက်ထပ်ခဲ့ကြ သည်။ ထိုအချိန်က နိုင်ရင်ဆွေနှင့် လီယူတို့သည် တစ်ဦးကိုတစ်ဦး လွန်စွာချစ်ခင်နှစ်သက်ခဲ့ကြသည်။ မျက်စိအောက်က အပျောက်မခံနိုင်အောင်ပင် ချစ်ခင်သံယောဇဉ်ကြီးမားခဲ့ကြသည်။

ငံ့ထားမတတ်

သူတို့ဇနီးမောင်နှံသည် အိမ်ထောင်ကျပြီးတစ်နှစ်အကြာတွင် သားသမီး ယူခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၆ခုနှစ်တွင် ချစ်စဖွယ် သမီးကလေးတစ်ဦးကို ရရှိခဲ့သည်။ သူတို့၏ အိမ်ထောင်သက်တမ်း ရှစ်နှစ်နီးပါးအထိ သူတို့၏ အိမ်ထောင်ရေးမှာ ပန်းခင်းသောလမ်းနှယ် သာယာဖြောင့်ဖြူးခဲ့သည်။ နိုင်ရင်ဆွေသည် သူ့ထက် ၁၅နှစ်မျှငယ်ပြီး သူ့အပေါ်တွင် အားကိုးတကြီးဖြင့် ဘဝခရီးဖော်အဖြစ် လက်တွဲခဲ့သူ ဇနီးသည် လီယူကို ငံ့ထားမတတ်ချစ်ခဲ့လေသည်။

အသက်အရွယ်ကွာခြား

နိုင်ရင်ဆွေက ဇနီးသည်အပေါ်တွင် အချစ်ကြီးသကဲ့သို့ ဇနီးသည် လီယူကလည်း သူ့ထက် အသက်၁၅နှစ်မျှကြီးသော ခင်ပွန်းသည်အပေါ် စာနာနားလည်ကာ အပြန်အလှန် ချစ်ကြင်နာခဲ့သူဖြစ်သည်။ ခင်ပွန်းအပေါ်တွင် သစ္စာခိုင်မြဲသကဲ့သို့ အိမ်ရှင်မကောင်းပီသကာ တာဝန်ကျေပွန်သူဖြစ်သည်။ သူတို့ ဇနီးမောင်နှံသည် အသက်အရွယ် ကွာခြားမှုရှိသော်လည်း အချစ်ညီကြသော သူများဖြစ်သည်။

အသည်းကျော်ချစ်ဇနီး

လီယူသည် ခင်ပွန်းသည်၏ကိုယ်ပွားဖြစ်သော သမီးကလေးကို ထိန်းသိမ်းစောင့်ရှောက်ရင်း ခင်ပွန်းသည်အပေါ် ထားရှိရမည့် ဝတ္တရား၊ အိမ်ထောင့်တာဝန်နှင့် သမီးကလေး၏ တာဝန်များကို မညည်းမညူ အလုပ်နှင့်လက်မပြတ်အောင် တာဝန်ကျေပွန်သူ အိမ်ရှင်မ ကောင်းတစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ရင်ဆွေ၏ အသည်းကျော်ချစ်ဇနီး ဖြစ်လာဖြစ်နေတော့သည်။

အချစ်မီးတောက်လောင်

နိုင်ရင်ဆွေသည် ဇနီးချော အန်အန်လီယူအပေါ်တွင် ငံ့ထားမတတ် အချစ်ကြီးခဲ့ခြင်းကပင် သူတို့ဇနီးမောင်နှံ မိသားစုသုံးဦးစလုံး၏ ဘဝတွင် ရင်နင့်ကြေကွဲဖွယ်ရာ အဖြစ်ဆိုးနှင့် ရင်ဆိုင်ရဖို့ ဖြစ်လာတော့သည်။ နိုင်ရင်ဆွေနှင့် အန်အန်လီယူတို့၏ အိမ်ထောင်သက် ၈နှစ်ရပြီး သမီးဖြစ်သူ ခြောက်နှစ်သမီး အရွယ်ရောက်ချိန်တွင်မူ သူတို့ ဇနီးမောင်နှံ၏ အိမ်ထောင်ရေးတွင် အက်ကြောင်းထင်လာခဲ့တော့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဇနီးလီယူ၏ ချို့ယွင်းချက်ကြောင့်မဟုတ်ဘဲ နိုင်ရင်ဆွေ၏ ဇနီးအပေါ် အချစ်ကြီးမှုနှင့် စိတ်မချမှုများဖြစ်ခဲ့ပြီး သံသယမီးပွားများက သူ၏ရင်တွင်းရှိ အချစ်မီးကို တောက်လောင်စေခဲ့ရာမှ အစပြုခဲ့သည်။

အစိုးရိမ်ပို

နိုင်ရင်ဆွေသည် ဇနီးသည် လီယူက သူ့အပေါ်တွင် သစ္စာခိုင်ကျည်စွာ ချစ်ခင်မြတ်နိုးခဲ့သော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူ့အား လီယူက ပစ်ပြေးသွားမည်ကို အစိုးရိမ်ပိုနေခဲ့သည်။ လီယူသည် နိုင်ရင်ဆွေ၏မိတ်ဆွေ အမျိုးသားများကိုလည်း ခင်ပွန်းသည်၏ မိတ်ဆွေဆိုသော အသိဖြင့် ဧည့်ဝတ်ကျေပွန်တတ်သူ ဖြစ်သည်။ လူမှုရေးသိတတ်သူတစ်ဦးမို့ မည်သူ့မဆို ဖော်ဖော်ရွေရွေ ဆက်ဆံတတ်သူဖြစ်သည်။ ယင်းအချက်ကို နိုင်ရင်ဆွေက အစိုးရိမ်ပိုနေခဲ့ခြင်းဖြစ်သည်။

ပြန်ပို့

နိုင်ရင်ဆွေ၏ သဝန်တိုမှုကြောင့်ပင် သူနှင့် ဇနီးသည်အကြား မကြာခဏ စကားများခဲ့ရသည်။ ခင်ပွန်းသည်၏အချစ်ကြီးမှုမှ စကာ သဝန်တိုမှု၊ မယုံသင်္ကာမှုများကို ခံရဖန်များလာသော သစ္စာရှင်လီယူမှာ သူမ၏ ကိုယ်ကျင့်တရားကို ထိခိုက်စေခဲ့သည့် ခင်ပွန်းသည်၏ စကားများကို ပြန်လှန်အငြင်းပွားရာမှအစ ခင်ပွန်းသည်နှင့် အကြီးအကျယ်ရန်ဖြစ်ကြတော့သည်။ နိုင်ရင်ဆွေ၏ တုတ်နှင့် ရိုက်နှက်မှုကြောင့် လီယူမှာ ဦးခေါင်းတွင် ဒဏ်ရာရရှိသေဆုံးခဲ့သည်။

လီယူမှာ အမှတ်မထင်အဖြစ်အပျက်ကြောင့် ကြောက်လန့်ကာ ဇနီးသည်၏အလောင်းကို ကားနောက်ခန်းပစ္စည်းထည့်သည့် အခန်းထဲတွင်ထည့်ကာ ဇနီးသည်၏အလောင်းကို ပစ်ထားခဲ့သည်။ ထို့နောက် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းသို့ ထွက်ပြေးပြီး မဲလ်ဘုန်းမြို့တောင်ပိုင်း ခရော့စ်ဘူတာရုံတွင် ခြောက်နှစ်အရွယ် သမီးကိုထားခဲ့ကာ ထိုမှတစ်ဆင့် အမေရိကန်သို့ ထွက်ပြေးခဲ့သည်။ အမေရိကန်က ၎င်းအား တရားခံပြေးအဖြစ် ကြေညာပြီးနောက် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်က အတ္တလန္တာမြို့အနီး ချမ်ဘာလီမြို့တွင်ဖမ်းဆီးပြီး နယူးဇီလန်သို့ ပြန်ပို့ခဲ့သည်။

သင်ခန်းစာယူဖွယ်

အချစ်ကြီးချစ်ခဲ့ပါသော်လည်း သံသယကိုရှေ့တန်းတင်ခဲ့မှုကြောင့် အချစ်ဆုံးဇနီးသည် အန်အန်လီယူနှင့် တစ်သက်တာဝေးခဲ့ရပြီး သမီးနှင့်ခွဲရကာ ထောင်ထဲတွင် နှစ်ပေါင်းများစွာ ပေးဆပ်ရဦးမည့် နိုင်ရင်ဆွေ၏ရင်နင့်ဖွယ်ရာအဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင်- ကိုးကားရေးဖွဲ့သည်

အမေရိကန်နိုင်ငံ နယူးယောက်မြို့ နိုင်ငံတကာ မော်တော်ကားပြပွဲတွင် အိတ်ကက်စ်ပရိုက်ဇ် မော်တော်ကား ပုံစံသစ်အား ပြသထားသည်ကို မတ် ၁၉ရက်ကတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

နှင်းမုန်တိုင်း

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်နှင့် နိုင်ငံ၏ အနောက်အလယ်ပိုင်းဒေသများတွင် မတ် ၁၆ရက်က နှင်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် အဝေးပြေးလမ်းမပေါ်တွင် နှစ်ပေခန့်ရှိသော နှင်းခဲထုကြီးများ ကယ်ဆယ်ရေးအလုပ်သမားများက ဖယ်ရှားရှင်းလင်းနေသည်ကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၂၀-၃-၂၀၀၈

အာဖဂန်၌ နေတိုးတပ်ဖွဲ့များ ပုံးကြဲ ၅၀သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်၌ နေတိုး တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒေသခံ ၅၀ခန့် သေဆုံးခဲ့ကြောင်း အာဖဂန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆန်ဂင်ခရိုင် မာမယ်လ်ကျေးရွာ၌ တာလီဘန်လက်နက်ကိုင်များရှိသည်ဟု သံသယဖြင့် နေတိုးတပ်ဖွဲ့ဝင်များက ဗုံးများကြဲချခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

သီရိလင်္ကာ၌ မိုးသည်းထန်ပြီး ရေလွှမ်း

သီရိလင်္ကာနိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကြောင်း သီရိလင်္ကာနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအရာရှိများက ပြောကြားသည်။

ထိုသို့ ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ ၇၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး အရေးပေါ်ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

ပေကျင်း၌ လေယာဉ်ကွင်းသစ်နှစ်ခု တိုးချဲ့တည်ဆောက်မည်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ လေယာဉ်ကွင်းသစ်ကြီး နှစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း တရုတ်လေကြောင်း အရာရှိများက ပြောကြားသည်။

တရုတ်နိုင်ငံ၌ လေယာဉ်ကွင်း ၁၉၀အထိရှိလာရန် တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း ဟောင်ကောင်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ဟောင်ကောင်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၉၁ဒသမ ၉၅ ဒေါ်လာအထိ ကျဆင်းလာကြောင်း ၎င်းတို့ကပြောကြားသည်။

နှစ်နိုင်ငံကုန်သွယ်ရေးတိုးမြှင့်ရန် ထိုင်းနှင့်စင်ကာပူ ဝန်ကြီးချုပ်နှစ်ဦး သဘောတူ

နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ရန် ထိုင်းနှင့်စင်ကာပူဝန်ကြီးချုပ်တို့ နှစ်ဦး စင်ကာပူ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုင်းနှင့် စင်ကာပူတို့အနေဖြင့် အနာဂတ်ကာလ၌ ကုန်သွယ်မှု တိုးတက်လာစေရေးအတွက် နီးနီးကပ်ကပ် ကြိုးစားလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နှစ်ဦးစလုံး သဘောတူညီခဲ့ကြသည်။

ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းရန် ဆောင်ရွက်မည်

ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)က ပြောကြားမည်။

အိုပက်အနေဖြင့် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၅ ဒေါ်လာအထိ ကျဆင်းလာကြောင်း ၎င်းတို့ကပြောကြားသည်။

အင်ဒိုနီးရှား၌ ဓာတ်အားပေးစက်ရုံ ငါးရုံတည်ဆောက်မည်

အင်ဒိုနီးရှားနိုင်ငံ တစ်နိုင်ငံလုံး၌ လျှပ်စစ်ဓာတ်အားရရှိစေရေး ကြိုးစားအားထုတ်မှုတစ်ရပ်အဖြစ် ဓာတ်အားပေးစက်ရုံအသစ်ငါးရုံ တည်ဆောက်သွားမည်ဟု အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံများကို အရှေ့ဂျားဗားနှင့် အနောက်ဂျားဗားပြည်နယ်၌ တည်ဆောက်သွားမည်ဖြစ်ပြီး ကုန်ကျငွေစုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၂ဒသမ ၁၈ဘီလီယံဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက် ပါလက်စတိုင်းတို့က ဒုံးကျည်ဖြင့်ပြန်ပစ်

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသအား လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

အဆိုပါ လေကြောင်းမှ တိုက်ခိုက်ခဲ့မှုကြောင့် ပါလက်စတိုင်း လက်နက်ကိုင်လေးဦး သေဆုံးခဲ့ကြောင်း၊ ပါလက်စတိုင်းလက်နက်ကိုင်များက အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်ဖြင့် ချက်ချင်း ပြန်လည်ပစ်ခတ်ခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘဝဒဿန အမြင်

* ***Contempt is the only way to triumph over calumny.***

မထီမဲ့မြင်ပြုခြင်းသည် သားပုပ်လေလွင့်ပြောဆိုခြင်းကို အောင်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းပင်ဖြစ်သည်။

မဒမ်ဒီမိန်တီနမ်
(ပြင်သစ်လူဝီ-၁၄ဘုရင်၏ ဒုတိယမြောက်ကြင်ရာတော်)

* ***Gossip, pretending to have the eyes of an Argus, has all the blindness of a bat.***

အတင်းအဖျင်းစကားများသည် မျက်လုံးများစွာရှိဟန်ဆောင်ထားသော်လည်း လင်းနို့တစ်ကောင်၏ မျက်စိမမြင်ခြင်းမျိုးသာ ၎င်း၌ရှိသည်။

အိုရီဒါ(စာရေးဆရာမ)

ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်း၏ အီရတ်အမြင် ဟီလာရီနှင့် အိုဘားမားတို့ကို ဝေဖန်

အမ္မန် မတ် ၂၀

အီရတ်နိုင်ငံ၌ အမေရိကန်စစ်ရှိန်မြှင့်ခြင်းမှာ အောင်မြင်လျက်ရှိကြောင်း၊ အချိန်မတိုင်မီ အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးလျှင် ဒေသအတွင်းတွင် အီရန်နိုင်ငံ၏ သြဇာအရှိန်အဝါတစ်ဟုန်ထိုး မြင့်တက်လွှမ်းမိုးသွားနိုင်ကြောင်း အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင် သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက (အောက်ပုံ) **ပြောကြားလိုက်သည်။**

အီရတ်နိုင်ငံသို့ သွားရောက်ပြီး အီရတ်ခေါင်းဆောင်များ၊ အမေရိကန်စစ်ဘက်တာဝန်ရှိသူများနှင့် တွေ့အပြီး ဂျော်ဒန်နိုင်ငံသို့ သွားရောက်ကာ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် တွေ့ဆုံဆွေးနွေးအပြီးတွင် ဂျွန်မက်ကိန်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။



စိန်ခေါ်မှု

အီရတ်မှ မိမိတို့ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းလိုက်လျှင် အီရန်၏ သြဇာအရှိန်အဝါ ပိုမို ကြီးထွားလာမည့်အပြင် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့လည်း သြဇာညောင်းလာနိုင်ကြောင်း၊ ထို့ပြင် ဒေသတွင်းအန္တရာယ်ရတ်တရက်ကြုံတွေ့လာနိုင်ပြီး အမေရိကန်နိုင်ငံအပေါ် ပြည်သူ့အမြင်ကို ထိခိုက်စေသည်သာမက လုံခြုံရေးစိန်ခေါ်မှုများလည်း များပြားလာနိုင်ကြောင်း ဂျွန်မက်ကိန်းက ပြောကြားသည်။

မျှော်လင့်

ဂျွန်မက်ကိန်းက ဆက်လက်ပြောကြားရာ၌ သူ၏အရှေ့အလယ်ပိုင်းခရီးစဉ်က အမျိုးသား လုံခြုံရေးဆိုင်ရာ သူ့အတွေ့အကြုံ၊ သူ့အမြင်၊ သူ့သဘောထားများကို အမေရိကန်ပြည်သူတို့အား သတိပြု မှတ်သားမိစေရန်နှင့် အီရတ်မှ တပ်ဖွဲ့ဝင်များ အမြန်ဆုံးပြန်ခေါ်ရေး ဟီလာရီနှင့်အိုဘားမားတို့တောင်းဆိုနေခြင်းကိုလည်း တန်ပြန်ဟန့်တားနိုင်မည်ဟု မျှော်လင့်ကြောင်း ထည့်သွင်း ပြောကြားသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲမဲဆွယ်ရာတွင် အီရတ်အရေးမှာ အဓိကအကြောင်းအရာတစ်ခုဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီ

မလေးရှားအစိုးရ ဝန်ကြီးအဖွဲ့သစ် ဝန်ကြီးချုပ် ဘာဒါဝီ ထုတ်ပြန်ကြေညာ

ကွာလာလမ်ပူ မတ် ၂၀

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီက အပြောင်းအလဲပြုလုပ်ထားသော အစိုးရဝန်ကြီးအဖွဲ့သစ်ကို ထုတ်ဖော် ကြေညာလိုက်ကြောင်း မတ် ၁၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တာဝန်အရှိဆုံး

ဘာဒါဝီသည် အနှစ် ၅၀အတွင်း မလေးရှား အာဏာရပါတီ၏အဆိုးရွားဆုံး ရလဒ်အတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။

လူသိများ

အစိုးရဝန်ကြီးအဖွဲ့သစ် ထက်ဝက်ကျော်မှာ မျက်နှာသစ်များ ဖြစ်ကြပြီး အစိုးရနှင့် သဘောထားချင်း မတိုက်ဆိုင်သော လူသိများသည့် ပုဂ္ဂိုလ်များလည်းပါဝင်သည်ဟု ဆိုသည်။

ဝေဖန်ခံရ

မစ္စတာဘာဒါဝီသည် ခေါင်းဆောင်မှုညံ့ဖျင်းသူအဖြစ်လည်း ဝေဖန်ခံရသည်။ အစိုးရမှာလည်း ပြည်သူလိုလားနှစ်သက်မှု နည်းနေသည်ဟု ဆိုသည်။

ဆယ်စုနှစ်

အနားပေးခံရသော ဝန်ကြီးဟောင်းများတွင် ဆယ်စုနှစ် နှစ်ခုကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သော ကုန်သွယ်ရေးဝန်ကြီး ရာဖီဒက် အဇစ်လည်း ပါဝင်သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်သမ္မတ နန်းတော်အနီး ဗုံးပေါက်ကွဲ၍ ၁၅ဦးဒဏ်ရာရ

မနီလာ မတ် ၂၀

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ သမ္မတနန်းတော်အနီး ကောလိပ်ကျောင်းတစ်ကျောင်းအပြင်ဘက်၌ မတ် ၁၈ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၅ဦးဒဏ်ရာရရှိပြီး နှစ်ဦး ဒဏ်ရာပြင်းထန်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သူမည်ဝါ၏လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း၊ သမ္မတနန်းတော်၏ မီတာ ၃၀၀အကွာ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးပေါက်ကွဲသည့် ဒေသစံတော်ချိန် ညနေ ၄နာရီခွဲတွင် သမ္မတအာရိုယိုသည် နန်းတော်၌ မရှိကြောင်း မြို့တော်ရဲအရာရှိချုပ်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာတိတ်ဒေသရေခဲများဖုံးလွှမ်းမှု ၂၀၀၇ခုနှစ်အတွင်း အနည်းဆုံးဖြစ်ခဲ့ရ

နာဆာ မတ် ၂၀

အာတိတ်ဒေသ ရေခဲများဖုံးလွှမ်းမှု (အောက်ပုံ)**သည် ယခင်နှစ်များကထက် ပို၍နည်းပါးလာကြောင်း၊ ဂြိုဟ်တုမှ ရိုက်ကူးထားသော မှတ်တမ်းများ၌ ဖော်ပြနေကြောင်း မတ်၁၉ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။**

မြောက်ကမ္ဘာခြမ်း တစ်ခုလုံး ရာသီဥတု အေးမြခဲ့သော်လည်း နွေရာသီရောက်ချိန်တွင် ရေထုဖုံးလွှမ်းမှုမှာ တဖြည်းဖြည်း လျော့နည်းသွားသည်ကို တွေ့ရသည်ဟုဆိုသည်။ ၂၀၀၇ခုနှစ်တွင် အာတိတ်ဒေသ၌ နွေရာသီ အပူချိန် ပို၍ပူနွေးခဲ့မှုကြောင့် ရေခဲများဖုံးလွှမ်းမှုမှာ အနည်းဆုံး အနေအထားသို့ ရောက်ရှိခဲ့သည်။

၂၀၀၈ခုနှစ်တွင်လည်း အလားတူ ရေခဲဖုံးလွှမ်းမှု အနည်းဆုံးဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းလေ့လာ တင်ပြထားသည်။

(အင်တာနက်)

စစ်ဆန့်ကျင်ဆန္ဒပြသူ ၂၀၀ခန့် အမေရိကန်၌ ဖမ်းဆီးခံရ

ဝါရှင်တန် မတ် ၂၀

အမေရိကန်က အီရတ်ကို ကျူးကျော်တိုက်ခိုက်သည့် ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မတ် ၁၉ရက်က အမေရိကန်နိုင်ငံတစ်ဝန်း ဆန္ဒပြမှုပြုလုပ်ခဲ့၍ ဆန္ဒပြသူ လူ ၂၀၀ခန့်အား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မြို့ကြီးများ

အဆိုပါ စစ်ဆန့်ကျင်ရေး ဆန္ဒပြမှုများကို မြို့ကြီးများ ဖြစ်သည့် ဆန်ဖရန်စစ္စကိုနှင့် ဝါရှင်တန်မြို့ကြီးများ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူများက အီရတ်စစ်ပွဲသည် အကျိုးမရှိသည့် ကျူးကျော်တိုက်ခိုက်မှုဖြစ်ကြောင်း၊ အမေရိကန်တို့ ဒေါ်လာ ဘီလီယံ ၅၀၀ခန့် ဆုံးရှုံးသွားကြောင်း၊ အီရတ်ပြည်သူ ထောင်သောင်းချီ၍ သေဆုံးခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင် ၄၀၀၀နီးပါးလည်း သေဆုံးခဲ့ပြီးဖြစ်ကြောင်း ကြွေးကြော်ဆန္ဒပြခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၃၉၉၀ ရှိသွားပြီ

ဘဂ္ဂဒက် မတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက်တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုခံရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း အမေ ရိကန်စစ်ဘက်က မတ်၁၈ရက်၌ ကြေညာသည်။

ကြေညာချက်

ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းဒေသအတွင်း စစ်ဆင်ရေးဆင်နွှဲစဉ် စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်ဗုံးခွဲခံရပြီး အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားခဲ့ရခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

ကျူးကျော်ပြီး

ယခုအခါ ၂၀၀၃ခုနှစ်က အမေရိကန်ဦးဆောင်သည့်တပ်များအီရတ်ကို ကျူးကျော်ပြီးနောက် အီရတ်၌ သေဆုံးသွားသည့်အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၃၉၉၀ရှိသွားပြီဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ဖြစ်ပွားသော ကြက်ငှက်တုပ်ကွေး စနစ်တကျကိုင်တွယ်ရန် အက်ဖ်အေအို ပြောကြား

ဂျကာတာ မတ် ၂၀

အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ရန် အကူအညီများပိုမိုလိုအပ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ပြောကြားသည်။

သေဆုံးသူ

အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်အစောပိုင်းက ကြက်ငှက် တုပ်ကွေးကြောင့် လူပေါင်း ၁၀၀သေဆုံးခဲ့ကြောင်း၊ ၎င်းအရေအတွက်သည် ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူဦးရေ၏ ထက်ဝက်ကျော်ရှိကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားသည်။

စိုးရိမ်ပူပန်

နိုင်ငံ၌ ရောဂါဖြစ်ပွားမှုသည် စနစ်တကျ ထိန်းချုပ်နိုင်ခြင်း မရှိ၍ စိုးရိမ်ပူပန်မိကြောင်း အက်ဖ်အေအို အကြီးအကဲက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးသူ အများစုသည် ကြက်များမှ တစ်ဆင့် ကူးစက်ခံရပြီး သေဆုံးခြင်းဖြစ်သည်။

ထိန်းချုပ်နိုင်စွမ်းမရှိ

ကြက်ငှက် တုပ်ကွေးကြောင့် အင်ဒိုနီးရှား၌ လူသေဆုံးမှုသည် ကမ္ဘာတွင် အများဆုံးဖြစ်ကြောင်း၊ ယင်းရောဂါကို တာဝန်ရှိသူများ အနေဖြင့် စနစ်တကျ ထိန်းချုပ်နိုင်စွမ်းမရှိလျှင် လူသေပျောက်မှု တိုးလာနိုင်ကြောင်း အက်ဖ်အေအို အကြီးအကဲ ဂျိုးဆက်ဒေါမနစ်၏ မတ် ၁၈ရက်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

စနစ်တကျ ကိုင်တွယ်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မွေးမြူရေး လုပ်သားများက ကြက်များ စနစ်တကျ ကိုင်တွယ်နေသည်ကို မတ်၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အိုးထရက်ဖို့ဒ်မှာ ရင်ပွင့်မတတ် နွဲရတော့မယ့် မန်ယူနဲ့ လီဗာပူး စတန်းဖို့ဒ်ဘရစ်မှာ ချယ်လ်ဆီးကို အာကြီးတို့ ကျော်ဖြတ်နိုင်ပါ့မလား

လန်ဒန် မတ် ၂၀

အရှိန်အဟုန်ရလာပြီဖြစ်တဲ့အပြင် ပရီမီယာလိဂ် မာရသွန်ခရီးပန်းဝင်ခါနီး အချိန်ရောက်ရှိနေပြီဖြစ်လို့ ပရီမီယာလိဂ်ဖလားကို မျှော်မှန်းနေကြတဲ့ ထိပ်တန်းအသင်းကြီးတွေလည်း ပွဲတိုင်းမှာ ခြေစွမ်းကို တက်ကုန်ဖွင့်ထားရပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်ဖလားအတွက်အရေးပါတဲ့ ပွဲစဉ်(၃၁)ကို မတ်၂၂ရက်နဲ့ ၂၃ ရက်တွေမှာ ကစားမှာဖြစ်လို့ ဒီပွဲမှာ မန်ယူနဲ့ လီဗာပူး၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ ထိပ်တိုက်ဆုံတွေ့ကြပြီဖြစ်ပါတယ်။

ဒီပွဲစဉ်ဟာ အသင်းကြီးတွေအတွက် ဖလားရရှိရေး အဆုံးအဖြတ်ပေးမယ့်ပွဲလိုဖြစ်နေတာမို့ ပြိုင်ဘက်တွေ ရင်ပွင့်မတတ်ကစားရမယ့်ပွဲဖြစ်သလို ပရိသတ်တွေ ရင်ခုန်သံမြန်စေမယ့် ပွဲတွေလည်း ဖြစ်နေပါတယ်။

မန်ယူနှင့် လီဗာပူး

မနှစ်က အိုးထရက်ဖို့ဒ်မှာတော့ မန်ယူတို့ နှစ်ဂိုးပြတ်နဲ့ အနိုင်ယူပြီး ဘင်နီတက်ဇ်ကို အမှတ်ဗလာနဲ့ အိမ်ပြန်လွှတ်ခဲ့ဖူးပါတယ်။ မှတ်တမ်းပြန်ကြည့်ရင်လည်း မန်ယူကွင်းမှာ လီဗာပူးတို့ အသာစီးရတာနည်းကြောင်း

လီဗာပူး တိုက်စစ်မှူး တောရက်စ်

လီဗာပူး နိုင်ပွဲများ ရရှိအောင် အဓိက စွမ်းဆောင် ပေးနေသည့် တိုက် စစ်မှူး တောရက်စ်။
(အင်တာနက် ဓာတ်ပုံ)

တွေ့ရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း မန်ယူတို့က နိုင်ပွဲတွေဆက်တိုက်ရပြီး ဖလားရရှိရေး ရမ္ဘက်ပြင်းပြင်းနဲ့ ပွဲတိုင်းအနိုင်ရအောင် ကစားနေချိန်ဖြစ်ပါတယ်။

မန်ယူမှာ ဒိုလေးက ဂိုးသွင်းခြေမြူးပြီး ပွဲတိုင်း ဂိုးသွင်းနိုင်နေသလို ရွန်နေ၊ တီဗက်ဇ်တို့ကလည်း ဂိုးပေါက်တည့်နေကြပါတယ်။ နေရာလိုက်ကစားအားကိုကြည့်ရင် တိုက်စစ်ရော ခံစစ်ပါ မန်ယူတို့က သာနေပြီး ခံစစ်ပိုင်းမှာ လီဗာပူးတို့က အားနည်းချက်ရှိနေပါတယ်။

ဖန်တီးသွားနိုင်

ဒါပေမယ့် လီဗာပူးတိုက်စစ်မှူး တောရက်စ်ဟာ ပရီမီယာလိဂ်မှာတော့ ထိပ်တန်း ဂိုးသွင်းသူတွေထဲမှာ ပါဝင်ပါတယ်။။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာ ရဲရဲဝံ့ဝံ့ ထိုးဖောက်ဂိုးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်တာကြောင့် မန်ယူခံစစ်မှူးတွေ သတိထားရပါလိမ့်မယ်။ မန်ယူခံစစ်ကြောင်းဟာ သိပ်သည်းကျစ်လျစ်တာ မှန်ပေမယ့် တစ်ခါတလေမှာ အမှားအယွင်းလုပ်တတ်တဲ့အတွက် တောရက်စ်တို့အုပ်စု ဂိုးအဖြစ်ရအောင် ဖန်တီးသွားနိုင်ပါတယ်။

လီဗာပူးရဲ့ အားနည်းချက်ကတော့ အဝေးကွင်း သရေပွဲများတတ်တာပါပဲ။ အဝေးကွင်းမှာ ကစားကွက်ကြောင်တတ်တဲ့ လီဗာပူးကို ဖာဂူဆန် ဗျူဟာအခင်းအကျင်း မှန်မှန်နဲ့ အမာခံလူတွေ အကုန်ထုတ်ကစားရင်တော့ အိမ်ကွင်းမှာ မျက်နှာပန်းလှပါလိမ့်မယ်။ ကစားအားတက်ပြီး ဒုတိယနေရာက အာကြီးကို အမှတ်ဖြတ်ဖို့အတွက် မန်ယူတို့ ဒီပွဲမှာ အပြတ်အသတ် ကစားပါလိမ့်မယ်။ ဒီပွဲမှာ လီဗာပူးကို အသိအမှတ်ပြုပေမယ့် အိမ်ရှင်ပရိသတ်တွေ အောင်ပန်းဝေအောင် ဖာဂူဆန် ကြိုးစားပေးပါလိမ့်မယ်။

ချယ်လ်ဆီးနှင့် အာဆင်နယ်

အာကြီးကို အမီလိုက်ပြီး ဖိအားပေးနေတဲ့အပြင် ပရီမီယာလိဂ်ဖလား မျှော်မှန်းချက်ပါထားလာတဲ့ ချယ်လ်ဆီးဟာ ခြေယိုင်စပြုလာတဲ့ အာကြီးကို အိမ်ကွင်းမှာ နှိပ်ကွပ်ဖို့ ကြိုးစားပါလိမ့်မယ်။ ချယ်လ်ဆီးမှာ အမာခံလူတွေ

မန်ယူ တိုက်စစ်မှူး တီဗက်ဇ်



မန်ယူ တိုက် စစ်မှူး တီဗက်ဇ် ဂိုးသွင်းပေးနိုင် ပါ့မလား။
(အင်တာနက် ဓာတ်ပုံ)

ဒီပွဲမှာ အကုန်ထုတ်နိုင်အောင် ဒဏ်ရာကင်းရှင်းနေတဲ့အပြင် အရန်လူအင်အားလည်း တောင့်တင်းနေချိန်ဖြစ်ပါတယ်။

ထိန်းချုပ်မှု ပိုကောင်း

အာကြီးတို့က ထက်မြက်မှုမှာ သာလွန်ပေမယ့် ဝါနဲ့သမ္ဘာမှာ ချယ်လ်ဆီးကစားသမားတွေက အစဉ်အလာရှိတဲ့သူတွေပါ။ မနှစ်က ချယ်လ်ဆီးကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပေမယ့် ဒီနှစ်မှာ အဲဒီရလဒ်မျိုး အာကြီးတို့ မှန်းနိုင်ဖို့ မလွယ်ပါဘူး။ အာကြီး တိုက်စစ်မှာ ဗန်ပါစီ ပြန်ကစားနိုင်ပေမယ့် အဒီဘာယောနဲ့ အစပ်အဟပ် မတည့်တာမို့ အာစင်ဝင်းဂါး ထုတ်သုံးမယ့် တိုက်စစ်အတွဲကလည်း စိတ်ဝင်စားစရာပါပဲ။ အာကြီးရဲ့ ခံစစ်ကြောင်းထက် ချယ်လ်ဆီးခံစစ်ကြောင်းက ပိုပြီးခိုင်မာတောင့်တင်းတာကို ထည့်တွက်ရမယ့်အပြင် ကွင်းလယ်မှာ ချယ်လ်ဆီးတို့က ထိန်းချုပ်မှု ပိုကောင်းပါတယ်။

ပိုသေချာ

ဒီနှစ်သင်းကစားအားဟာ ညီမျှနေပေမယ့် အဆုံးသတ်ပိုင်းမှာ ချယ်လ်ဆီးတို့က ပိုသေချာပါတယ်။ အာကြီးက ပွဲချိန်တစ်ခုလုံး တောက်လျှောက်ကစားအားမချဘဲ တင်ကစားနိုင်သလို လမ်းပတ်တို့ကလည်း အာဆင်နယ်တိုက်စစ်ကို ကွင်းလယ်ကဖြတ်ပြီး ဟန့်တားနိုင်တာမို့ ဒီနှစ်သင်းရဲ့ ရလဒ်က ချိန်ခွင်လျှာမျှမယ့် အနေအထားရှိပါတယ်။ နှစ်သင်းစလုံးကို သဘောကျပေမယ့် အိမ်ရှင်ဘက်က အသာရသွားနိုင်ပါတယ်။ ။

စုစည်းရေးသားသူ – မောင်မောင်မြင့်ဆွေ

အင်တာနက် အားကစားသတင်းအတိုအထွာ

- ❐ **ဘာဘာတော့ဗ်၏ကိုယ်စားလှယ်သည် ကမ်းလှမ်းသူများနှင့်ဆက်သွယ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သဖြင့် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်၏ အနာဂတ်မှာ စပါးအသင်းတွင် ဆက်ရှိရေး မရေရာတော့ကြောင်း သတင်း၌ ဖော်ပြသည်။**
- ◆ အသင်းမှ အားကစားသမားများ၏ အနာဂတ်နှင့် ပတ်သက်ပြီး မဆုံးဖြတ် ရသေးကြောင်း စပါးအသင်းနည်းပြ ဂျူအန်ဒီရာမို့စ်က ပြောကြားသည်။
- ❐ **မန်ယူ၊ မန်စီးတီး၊ လီဗာပူးနှင့် ဘာစီလိုနာအသင်းများက ၎င်းအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ကင်မရွန်း ကွင်းလယ်ကစားသမား စတီဖာနီအမ်ဘီယာက ဖွင့်ဟသည်။**
- ◆ ဒါဘီတိုက်စစ်မှူး အန်းရှောသည် နွေရာသီတွင် အသင်းမှထွက်ခွာရန် သေချာလုနီးပါးဖြစ်နေကြောင်း သတင်း၌ ဖော်ပြသည်။
- ❐ **အဲဗာတန်အသင်းသည် အငှားစာချုပ်ဖြင့် ကစားနေသော ကွင်းလယ်ကစားသမား စတီဗင်ပီနာအာရ်ကို အမြဲတမ်းခေါ်ယူ စာချုပ်လိုသော်လည်း အာဆင်နယ်အသင်းနှင့် ဗလင်စီယာအသင်းတို့ကလည်း ၎င်းကိုအလိုရှိနေကြောင်း သတင်းတွင်ဖော်ပြသည်။**
- ◆ ချယ်လ်ဆီးအသင်းခံစစ်မှူး ဘော်လာရောက်ဇ်ကို ဘိုရူရှားဒေါ့တမန် အသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- ❐ **ဖူလ်ဟမ်ခံစစ်မှူး စတီဖာနိုဗစ်ကို အစ်ဆွစ်ချ်အသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုသည်ဟု ဆိုသည်။**
- ◆ မန်ယူဂိုးသမား ဘင်ဖော်စတာကို အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ရောက် ဘန်စလေအသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း၊ ယင်းအသင်းသည် အက်စ်တွန်ဗီလာမှ ဆိုရင်ဆင်ကိုလည်း မျက်စိကျနေကြောင်း သတင်း၌ဖော်ပြသည်။

မန်ယူက အာကြီးကို သုံးမှတ်အသာဖြင့်ဦးဆောင်ပြီ၊ ဂျော့ဘက်စ်၏ စံချိန်ဂိုး စီရိုနယ်ဒိုချိုးနိုင်

လန်ဒန် မတ် ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၃၀) လက်ကျန်ပွဲများကို မတ် ၁၉ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက ဘော်လ်တန်အသင်းကို အနိုင်ရရှိသဖြင့် အမှတ်ပေးဇယားတွင် မန်ယူတို့ အာကြီးထက် သုံးမှတ်အသာဖြင့် ဦးဆောင်နိုင်ပြီဖြစ်သည်။

မန်ယူ–ဘော်လ်တန်

မန်ယူက ဘော်လ်တန်ကိုနိုင်လျှင် အာကြီးထက် သုံးမှတ် အသာဖြင့် ဦးဆောင်နိုင်တော့မည်ဟု သိထားကြသည့် ဖာဂူဆန်၏ လူများက ပွဲစလျှင်စချင်း အချိတ်အဆက်မိမိ၊ လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲစပြီး ကိုးမိနစ်မှာပင် စီရိုနယ်ဒိုက မန်ယူအတွက် ဖွေဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။

အသင်းခေါင်းဆောင် လက်ပတ်စည်းထားသော စီရိုနယ်ဒိုသည် အသင်းခေါင်းဆောင်ပီပီ မန်ယူ၏ အောင်ပွဲအတွက် ဘော်လ်တန်နောက်တန်းခံစစ်မှူးများ ပိတ်ဆို့ကစားသည့် ကြားက အကြိမ်ကြိမ်ထိုးဖောက်လျက် ခြေစွမ်းပြကစားသွားခဲ့သည်။

စံချိန်ချိုး

ပွဲချိန် ၁၉မိနစ်အကြာတွင် မန်ယူအတွက် ဒုတိယမြောက်ဂိုးကို စီရိုနယ်ဒိုက သွင်းယူပေးခဲ့သည်။ ယင်းဂိုးသည် တစ်ရာသီအတွင်း မန်ယူအတွက် စီရိုနယ်ဒိုသွင်းယူခဲ့သည့် ၃၃ဂိုးမြောက်ဂိုးဖြစ်သည်။ စီရိုနယ်ဒိုသည် မန်ယူအတွက် တစ်ရာသီအတွင်း ဂိုးပေါင်း ၃၀ကျော် သွင်းယူနိုင်ခဲ့ပြီဖြစ်၍ တစ်ချိန်က မန်ယူတွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော ဂျော့ဘက်စ်ထက် ဂိုးများသာလွန်၍ စံချိန်ချိုး သွင်းပြနိုင်ခဲ့ပြီဖြစ်သည်။

ထိုနေ့က မန်ယူဂိုးသမား ကွတ်ဖ်ဇတ်သည် ဘော်လ်တန်တိုက်စစ်မှူး ကီဗင်ဒေးဗီးစ် သွင်းယူသော ဘောလုံး

စီရိုနယ်ဒိုရဲ့ အလွတ်တည်ဂိုး



မန်ယူအတွက် စီရိုနယ်ဒိုက ဤသို့ တည်ကန်ဘောမှ တစ်ဆင့် ဒုတိယ ဂိုးကို ဤသို့ သွင်းယူပေးခဲ့သည်။
(အင်တာနက် ဓာတ်ပုံ)

ကို ကာကွယ်ပေးနိုင်ခဲ့သည်။ ထို့အပြင် တန်ပြန်တိုက်စစ် ကစားလာပြီး နစ်ကီဟွတ်နှင့်ဂရာဗင်မက်ကိန်းတို့ သွင်းယူခဲ့သော ဘောလုံးများကိုလည်း ကာကွယ်ပေးနိုင်ခဲ့သည်။

ပွဲပြီးသည်အထိ ဘော်လ်တန်တို့ ချေပဂိုး သွင်းရန် အကြိတ်အနယ် ကြိုးစားသော်လည်း မန်ယူဂိုးသမား ကွတ်ဖ်ဇတ် လက်စွမ်းပြ ကစားနိုင်မှုကြောင့် အဆုံးတွင် ဘော်လ်တန်တို့ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရလေသည်။

စပါး–ချယ်လ်ဆီး

ပြိုင်ပွဲမစတင်မီ စပါး၏ အိမ်ကွင်း ဝှိုက်ဟတ်လိန်းကွင်း၏ တီဗွီဖန်သားပြင်များပေါ်တွင် စပါးက ချယ်လ်ဆီးကို ကားလင်းဖလား ဗိုလ်လုပွဲတွင် အောင်ပွဲခံခဲ့ပုံများကို အကြိမ်ကြိမ်ထုတ်လွှင့်ပြသလျက် စပါးအသင်းကစားသမားများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးလျက်ရှိသည်။

သို့သော်လည်း ချယ်လ်ဆီးနည်းပြ ဂရန့်၏လူများက အမှတ်ပေးဇယားတွင် မန်ယူ၊ အာကြီးတို့နှင့် အပြိုင်နောက်ကောက်ကျ မကျန်ရစ်စေရန် ပွဲစသည်နှင့် ဖိဖိစီးစီး ကစားခဲ့ရာ ပွဲစပြီး သုံးမိနစ်အကြာမှာပင် တိုက်စစ်မှူး ဒရော့ဘာက ချယ်လ်ဆီးအတွက် အဖွင့်ဂိုး သွင်းယူလိုက်သည်။

ချေပ

ကစားသမားကောင်း များဖြင့် ဖွဲ့စည်းထားသော စပါးအသင်း၏ တန်ပြန် တိုက်စစ်မှာလည်း အံ့ဖွယ်ကောင်းလောက်ပေသည်။ ဒရော့ဘာက ဦးဆောင်ဂိုးသွင်းယူပြီး မကြာမီမှာပင် ဂျူနသန်ဝုဒ်ဂိတ်က စပါးအတွက် ချေပဂိုးသွင်းယူသည်။ အက်ဆီယံက ချယ်လ်ဆီးအတွက် ဒုတိယ ဂိုးသွင်းယူပြီး ဦးဆောင်မှု ပြန်လည်ရယူသလို ဘာဘာတော့ဗ်က ပြန်လည်ချေပခဲ့သည်။

ပျက်ပြယ်

ချယ်လ်ဆီးအသင်းအတွက် ဂျိုကိုးလ်က နှစ်ဂိုး ဆက်တိုက်သွင်းယူပြီး ချယ်လ်ဆီး အောင်ပွဲခံရန် နီးလာချိန်တွင် ဟွတ်ဒယ်စတုန်းနှင့် ရော်ဘီကိန်းတို့က ချေပဂိုးများ သွင်းယူခဲ့ပြန်၍ နည်းပြ ဂရန့်၏ နိုင်ပွဲအိပ်မက် ပျက်ပြယ်ခဲ့ရသည်။

ယခုသီတင်းပတ်ပွဲစဉ်(၃၀)ကစားအပြီး မန်ယူက ရမှတ် ၇၀၊ အာကြီးက ၆၇မှတ်၊ ချယ်လ်ဆီးက ၆၅မှတ်နှင့် လီဗာပူးက ၅၉မှတ်ရရှိထားပြီး အမှတ်ပေးဇယားတွင် ရပ်တည် လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။ **(အင်တာနက်)**

မြင့်မောင်စိုး

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘွဲ့ခံပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

သီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအား သင်္ကန်း၊ သပိတ်အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသအား သင်္ကန်း၊ သပိတ်အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တအဂ္ဂိယအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူရှင်များ ရေစက်ချပွဲ

ရန်ကုန် မတ် ၂၀

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ မွန်မြတ်သောစေတနာဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာလမှ ၂၀၀၈ခုနှစ် ဇန်နဝါရီလအထိ ငွေပဒေသာပင် ကျပ်သုံးသောင်းနှင့်အထက် စိုက်ထူလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား (၃၂)ကြိမ်မြောက် ငွေပဒေသာပင် အလှူရေစက်ချပွဲနှင့် ဂုဏ်ပြုဧည့်ခံပွဲအခမ်းအနားကို မတ် ၂၂ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများ ကြွရောက်၍ အနုမောဒနာတရားချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်သည်။

ဆက်သွယ်

အလှူရှင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာရောက်ကြရန်နှင့် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိကို ဖုန်း–၅၄၁၇၉၆၊ ၅၄၁၇၉၇ တို့သို့ ဆက်သွယ်ပြန်ကြားပေးရန် အမှုဆောင်အဖွဲ့က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ဓမ္မဝိနယဆွမ်းစားကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်

ရန်ကုန် မတ် ၂၀

ပဲခူးတိုင်း ပဲခူးမြို့နယ် ပျဉ်ပုံကြီးစံပြကျေးရွာ ဝိနည်းစာတော်ပြန်ပွဲနှင့် ရေးဖြေစာမေးပွဲ တည်ရှိရာ ဘုရားကျောင်းတိုက်အတွင်း၌ အလျား ပေ ၈၀ x ပေ၅၀ ရှိ ဓမ္မဝိနယဆွမ်းစားကျောင်းသစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို မတ် ၁၆ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ပထမအကြိမ် စေတနာရှင်များက စုပေါင်းလှူဒါန်းသော အလှူငွေကျပ် သိန်း၉၀ ကို တပ်နယ်မှူးက လက်ခံရယူသည်။

(ယာပုံ)

လှူဒါန်း

ကျောင်းအလှူဒါယကာ ဒါယိကာမ အဖြစ်ခံယူလိုသော စေတနာရှင်များသည် အရှင်ဓမ္မာနန္ဒ မင်္ဂလာရာမကျောင်း အိမ်တော်ရာတိုက် မြို့မကျောင်းလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၃၈၄၇၂၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

တပေါင်းလပြည့်နေ့ လော်ကားဥယျာဉ်ဖွင့်ထားမည်

ရန်ကုန် မတ် ၂၀

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်သော်လည်း မတ်၂၁ရက် (တပေါင်းလပြည့်နေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဂုဏာဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် သာသနာတော်ဆိုင်ရာ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပုလောမြို့ အရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယမအား ပုလောမြို့နယ်အသင်း(ရန်ကုန်)မှ မတ် ၂၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အသင်းတိုက်၌ ချီးကျူးပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ မြို့နယ်သူ မြို့နယ်သား၊ အသင်းသူ အသင်းသားများ တက်ရောက်ပူဇော်ကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသူများသည် ဦးမောင်လှ (ဥက္ကဋ္ဌ) ဖုန်း–၅၁၄၉၆၉၊ ဦးဘမြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၃၇၈၆၃၇၊ ၆၉၉၄၄၇၊ ဦးကြီးညွန့်(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၂၉၆၉၆၂၊ ဦးကျော် (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၃၈၇၀၈၄၊ ဦးချစ်ထွေး(တွဲဖက်အတွင်းရေးမှူး) ဖုန်း–၇၀၆၁၇၇ နှင့် အသင်းအုပ်ချုပ်ရေးမှူး ဦးကျော်သူ ဖုန်း–၂၂၀၃၂၄၊ ၂၂၉၇၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ဘဒ္ဒန္တဩဘာသဘိဝံသ ထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မအူပင် သဘာဝဓာတ်ငွေ့မြေ ကြည့်ရှုစစ်ဆေး ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းသစ်များ ဆက်လက်တူးဖော်ရေး မှာကြား

နေပြည်တော် မတ် ၂၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်ဒေသ၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အသစ်ထပ်မံရှာဖွေတွေ့ရှိထားသည့် မအူပင် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ပြီး မအူပင်(တောင်) တွင်းအမှတ်(၅)မှ သဘာဝဓာတ်ငွေ့များ အောင်မြင်စွာ တူးဖော်ထုတ်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးအား ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာ ဦးမြင့်ကျော်က မအူပင်(တောင်) တွင်းအမှတ်(၅)ကို အောင်မြင်စွာ တူးဖော်စမ်းသပ်ခဲ့မှုအခြေအနေများကို လည်းကောင်း၊ တာဝန်ရှိသူများက မအူပင်ဒေသအတွင်း သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှု အခြေအနေများ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ချမှတ်ပေး

ယင်းနောက် ဝန်ကြီးက ယခု တွေ့ရှိထားသည့် မအူပင်ဒေသနှင့် ဘူမိအနေအထား ဆက်စပ်လျက်ရှိသော အခြားရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာကောင်းများကို သေချာစွာ လေ့လာသုံးသပ်ပြီး ရှာဖွေရေးတွင်းသစ်များကို ဆက်လက် တူးဖော်စမ်းသပ်သွားကြရန်၊ မအူပင်(တောင်)ဒေသ၌ ထုတ်လုပ်ရေးတွင်းများကို အမြန်ဆုံး ဆက်လက်တူးဖော်သွားရန်နှင့် ပေနက်ပိုင်း အလားအလာကောင်းများရှိသည့် မအူပင်အနောက်ပိုင်း ရေလဲကလေးဒေသ၌လည်း ရှာဖွေရေးတွင်းများ တူးဖော်စမ်းသပ်သွားရန် မှာကြားပြီး ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းများ၊ တွင်းတူးစက်နေရာချထားမှု အစီအစဉ်များ၊ တွင်းတူးဖော်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအစဉ်များနှင့် မအူပင်ဒေသမှ ထပ်မံရရှိလာမည့် သဘာဝဓာတ်ငွေ့များကို ရန်ကုန်တိုင်းရှိ စက်ရုံများသို့ တိုးတက်ဖြန့်ဖြူးပေးသွားမည့် အစီအစဉ်များကို ချမှတ်ပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထုတ်လုပ်

ဆက်လက်၍ ဝန်ကြီးက မအူပင်(တောင်) တွင်းအမှတ်(၅)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ အဆိုပါ တွင်းသစ်မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၂ ဒသမ ၅၄၃ သန်းကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိပြီး မအူပင် သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေ ၈ ဒသမ ၆ သန်းခန့်ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မအူပင်(တောင်) တွင်းအမှတ်(၅)မှ သဘာဝဓာတ်ငွေ့များ အောင်မြင်စွာ တူးဖော်ထုတ်လုပ်ပြီးစီးမှုနှင့်စပ်လျဉ်း၍ တင်ပြချက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက်လှူဒါန်း

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်အတွင်း စုပေါင်းဆောက်လုပ်နေပြီဖြစ်သော လေးထပ် ဘောဇနဆောင်အတွက် ဒေါ်အေးမြင့်မိသားစု ဗဟန်းက ကျပ်တစ်သိန်း၊ ဦးမြအောင်–ဒေါ်မြင့်မြင့်ကြည်မိသားစု ရှစ်မိုင်လမ်းဆုံ မရမ်းကုန်းက ကျပ်တစ်သိန်း၊ ဦးဝင်းဆွေ–ဒေါ်မင်းသွယ်နု သားခန့်စည်သူ(ရုပ်ရှင်သရုပ်ဆောင်) ဗဟန်းက ကျပ်တစ်သိန်း၊ (ဦးစိန်ကျော်–ဒေါ်စောတင်)တို့အားရည်စူး၍ သားသမီး မြေးမြစ်တစ်စု ကြည့်မြင်တိုင်က ကျပ်နှစ်သိန်းငါးသောင်း၊ ဒေါ်ရင်မြင့် သား မောင်အောင်ဇော်မြင့် (ခေတ္တစင်ကာပူ) တောင်ငူက ကျပ်တစ်သိန်း၊ ဒေါ်ခင်သောင်း မြေးလေး ဝိုင်းနန္ဒာလင်း ကျောက်တံတားက ကျပ်တစ်သိန်း၊ ဦးအောင်စ–ဒေါ်စိန်ရှင်မိသားစု အလုံ သစ်တောဝင်းက ကျပ်တစ်သိန်းတစ်သောင်းနှင့် မစိုးစိုး Australia က ကျပ်တစ်သိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း–၅၄၁၈၆၀သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် အသင်းဝင်များအား တွေ့ဆုံ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ မှာကြား

ရန်ကုန် မတ် ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး လှိုင်သာယာမြို့နယ် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင် အလုပ်အမှုဆောင်များ၊ မြို့နယ် အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက် စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းနှင့် ရပ်ကွက် စည်းရုံးရေးမှူးများ၊ တွဲဖက်စည်းရုံးရေးမှူးများက မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းရုံးရေးလုပ်ငန်းစဉ်များ၌ တက်တက်ကြွကြွဖြင့် ဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ပံ့ပိုး

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ပံ့ပိုးငွေများကို အသင်းအတွင်းရေးမှူးထံ ပေးအပ်ကာ **(အပေါ်ပုံ)** တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နှစ်ဦးအစ တပေါင်းလ

ဦးကျော်စိန်(မန္တလေး)

"တပေါင်းလ"သည် နှစ်ဆယ့်ခုနစ်လုံးသော နက္ခတ်များ စုပေါင်းထွက်ပေါ်ခြင်းကြောင့်လည်းကောင်း၊ ထန်းရည်များ ပေါင်းစပ်ကျိုချက်သဖြင့် ထန်းပေါင်းဟူသော စကားမှ ရွေ့လျားလာခြင်းကြောင့်လည်းကောင်း "တပေါင်းလ" ခေါ်တွင်သည်ဟုဆိုသည်။ တပေါင်းလသည် မြန်မာလများတွင် တစ်နှစ်တာ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင်ကျရောက်၍ ဒုတိယလဝက်သည် နွေရာသီတွင် ကျရောက်ရကား ဆောင်းကြွင်းနွေဦးလဖြစ်သဖြင့် သစ်ပင်များရွက်ဟောင်းစွန့်၍ ရွက်သစ်လွန့်ကာ အညွန့်အညှောက်များ ပေါ်ထွက်ခြင်းဖြင့် တင့်တယ်သာယာလှပေသည်။ ရာသီပန်းဖြစ်သော သရဖီပန်းတို့သည်လည်း ပွင့်လန်းကြကုန်၏။

ဤသို့သာယာဖွယ် အထူးထူး၊ ကြည်နူးဖွယ် အဖုံဖုံတို့ ပေါင်းစုံခညောင်းသည့် လရာသီဖြစ်သောကြောင့် "အစစ္စာသော နွေဦးအစတပေါင်းလသည် အညွှန့်အဖူးဝေဆာနေသော သစ်ပင်သစ်တောတို့ဖြင့် ကျက်သရေအရှိဆုံး ဖြစ်သကဲ့ အနက်သဒ္ဒါဝေဆာစုံပေါ ထိုတောအုပ်ကြီးနှင့်တူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ် ပိဋကတ်ကို နိဗ္ဗာနဓာတ် အမြတ်ဆုံးအကျိုးစီးပွားအလို့ငှာ"ဟူ၍ ပရိယတ္တိတရားတော်ကို တပေါင်းလသာယာပုံနှင့် ဥပမာပြု၍ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည်။ (ရတနသုတ်)

ရှေးမြန်မာစာဆိုတော်ကြီးများကလည်း "တပေါင်းသာခေါင်လများနောင်၊ ရာသီကြက်ဆောင်း လတပေါင်း၊ ရာသီတွင် စာညီပြောပေပ၊ ကြော၍ သာမြဲ။ တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား"စသည်ဖြင့် လတကာတို့ထက် အလွန်အကျူး၊ အထူးသာယာပုံကို အသီးသီး သီကျူးဖွဲ့ဆိုခဲ့ကြပေသည်။

တပေါင်းလတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် သဲပုံစေတီပွဲတော်ကို ကျင်းပလေ့ရှိကြ၏။ သဲပုံစေတီ တည်ထားကိုးကွယ်ခြင်းကား ရှေးကမ္ဘာအသချေ်ကပင်ရှိခဲ့သော ဘာသာယဉ်ကျေးမှုဖြစ်သည်ဟု ဗုဒ္ဓသာသနိက ကျမ်းများ၌ ဖော်ပြထားပေသည်။ မြန်မာနိုင်ငံတွင် တပေါင်းလသို့ ရောက်လာသည့်အခါ မြစ်များ ချောင်းများ၌ ရေစစ်ကာ သဲခုံသောင်ခုံ ဖြူဖြူဖွေးဖွေးကလေးများ ထိုမှဤမှ ပေါ်ထွန်း၍လာလေ့ရှိသည်။ ရှေးရှေးသော မြန်မာဘုရင်များသည် တပေါင်းလတွင် သဲပုံစေတီပွဲတော်ကို ရာသီပွဲအဖြစ် သတ်မှတ်၍ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာများအထိ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပခဲ့ကြသည်။ ထို့ကြောင့် စဥ့်ကူးမင်းလက်ထက် နေမျိုးမင်းလှ ကျော်သူဘွဲ့ရ ဦးယာက သူ၏ ၁၂လရာသီလူးတားတွင်- "မာသခါကောင်း၊ လတပေါင်းဟု၊ မနှောင်းစေရ၊ ကမ်းသောင်စတွင်၊ ဖြူလွစီစီ၊ သဲစေတီကို၊ ပြုညီတည်ထား၊ ညွှတ်တွား ကြည်လင်၊ ရှိစုံတင်လျက်၊ သဘင်ပျော်မြဲ၊ ရာသီပွဲ"- ဟု စပ်ဆိုခဲ့လေသည်။

စေတီပုထိုးတည်ထားကိုးကွယ်ခြင်းသည် ဘုရားရှင်လက်ထက်တော်ကပင် ရှိခဲ့၏။ စေတီပုထိုးတည်ထားကိုးကွယ်ရန် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ခွင့်ပြုတော်မူခဲ့သည်။ စေတီပုထိုးတည်ထား ကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ဝိမာနဝတ္ထုပါဠိတော်၌-

> "သက်တော်ထင်ရှားမြတ်စွာဘုရား၌ ဖြစ်စေ၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော ဘုရားရှင်၏ ရုပ်ပွားတော်ဓာတ်စေတီမြတ်၌ ဖြစ်စေ၊ သဒ္ဓါကြည်ညိုသော စိတ်ညီမျှခဲ့လျှင် အကျိုးပေးလည်း ညီမျှ၏။ စိတ်စေတနာ ကောင်းစွာထားခြင်းဟူသော အကြောင်းကြောင့်သာ သတ္တဝါများ ချမ်းသာသုဂတိသို့ ရောက်ကြရ၏။"

ဟူ၍ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့ပါသည်။

တပေါင်းလပြည့်နေ့ကို "မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့" အဖြစ် သတ်မှတ်၍ ကျင်းပလေ့ရှိကြပါသည်။ ထိုအကြောင်းကို မဟာဗုဒ္ဓဝင်တွင် သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် အင်္ဂတိုင်းသား၊ မာဂဓတိုင်းသားများနှင့် ဝေနေယျများစွာ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးလျက်ရှိပါသည်။ ထိုသတင်းစကားကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိလေရာ ခေါင်းဆောင်အမတ်ဆယ်ဦးတို့ကို အခြံအရံတစ်ထောင်စီဖြင့် ဆယ်ကြိမ်ခွဲကာ မြတ်စွာဘုရားရှင်ကိုပင့်ရန် ရာဇဂြိုဟ်ပြည်သို့ စေလွှတ်၏။ နောက်ဆုံးအသုတ်ကို ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးက ဦးဆောင်၍ သွားရောက်ခဲ့သည်။

မြတ်စွာဘုရားထံမှောက် ရောက်ရှိသူမှန်သမျှ တရားတော်ကို နာကြား၍ ဧဟိဘိက္ခုရဟန်းများ ဖြစ်ခဲ့ကြသည်။ ကာဠုဒါယီမထေရ်သည် ရဟန္တာအဖြစ်သို့ ရောက်ရှိပြီးနောက် တပေါင်းလပြည့်နေ့တွင် တပေါင်းလ၏ သာယာပုံကို ဂါထာပေါင်း ၆၄ဂါထာဖြင့် သီကုံး၍ ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ပါကြောင်း မြတ်စွာဘုရားရှင်အား လျှောက်ထား တောင်းပန်လေသည်။

ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ မြတ်စွာဘုရားရှင်သည် ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်နေ့တွင် ရာဇဂြိုဟ်မြို့မှ ယူဇနာ ၆၀ ဝေးကွာသော ကပိလဝတ်နေပြည်တော်သို့ တစ်နေ့လျှင် ၁ ယူဇနာခရီးဖြင့် ဒေသစာရီ ကြွချီတော်မူပါသည်။ ဤသို့ကြွချီတော်မူ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအမှူးရှိသော ဆွေတော်မျိုးတော်များအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ပါသည်။

ယခုအချိန်အခါ၌ တပေါင်းလပြည့်နေ့ **(ယနေ့)**တွင် နိုင်ငံတော်အစိုးရက ဂုဏဝိသိဋ္ဌ ပူဇာသဘင်ကျင်းပ၍ ဓမ္မာနုဂ္ဂဟ၊ အာမိသာနုဂ္ဂဟ၊ သာသနာနုဂ္ဂဟတည်းဟူသော ချီးမြှောက်မှု အနုဂ္ဂဟသုံးဖြာကို တွေ့ရမည်ဖြစ်ပါသည်။ ဘွဲ့တံဆိပ်တော်ခံယူကြမည့် သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးများသည် ပရိယတ္တိတရားတော်၊ ပဋိပတ္တိတရားတော်များ ပြန့်ပွားအောင် ပို့ချသင်ပြ၊ နည်းလမ်းပေးခြင်းဟူသည့် "ဓမ္မာနုဂ္ဂဟ"ဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီးကို ချီးမြှောက်ကြပါသည်။ ဘွဲ့ခံ ဥပါသကာ၊ ဥပါသိကာမ အမျိုးသား၊ အမျိုးသမီးတို့က သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးတို့ကို စွမ်းစွမ်းတမံ ထူးထူးချွန်ချွန် လှူဒါန်းထောက်ပံ့ခြင်းဟူသည့် "အာမိသာနုဂ္ဂဟ"ဖြင့် သာသနာတော်ကို ချီးမြှောက်ကြပါသည်။ ယင်းကဲ့သို့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ ဓမ္မာနုဂ္ဂဟ၊ အာမိသာနုဂ္ဂဟ တို့ဖြင့် ဗုဒ္ဓသာသနာတော်ကြီးကို ချီးမြှောက်ကြသော သံဃာတော် အရှင်မြတ်များ၊ သီလရှင်ဆရာကြီးများနှင့် ဥပါသကာ၊ ဥပါသိကာမ၊ အမျိုးသား၊ အမျိုးသမီးတို့အား နိုင်ငံတော်အစိုးရက ရှေးရှေးသာသနာပြု မင်းကောင်းမင်းမြတ်များနည်းတူ "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ" ဆက်ကပ် အပ်နှင်းခြင်း၊ "သာသနာနုဂ္ဂဟ"ဖြင့် အသိအမှတ်ပြု ချီးမြှောက်ကြခြင်းတို့ကို တွေ့မြင်ရမည် ဖြစ်ပေသည်။ ဤကဲ့သို့ ချီးမြှောက်မှုသုံးဖြာစုံလင်ကြသဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် အရှည်တည်တံ့၊ မြဲမြံခိုင်မာလျက် ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရှိမည်မှာ ဧကန်ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော တရားတော်များသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ပို့ဆောင်သော တရားတော်များပင် ဖြစ်ပါသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးဖြစ်သော်လည်း မြတ်ဗုဒ္ဓ၏ ဓမ္မအလင်းရောင်သည်ကား အရှင်မဟာကဿပစသော မထေရ်အဆက်ဆက်တို့၏ ကျေးဇူးတော်ကြောင့် ယနေ့တိုင် ထွန်းလင်းတောက်ပနေဆဲ ဖြစ်ပါသည်။ ဗုဒ္ဓ၏ ဓမ္မနှင့်အညီ လိုက်နာကျင့်ကြံပွားများအားထုတ်ပါက ဒုက္ခခပ်သိမ်းတို့၏ ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင်ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးဘုရားကြီး၏ ခြသေ့ကြီးမုခ်ဦးလမ်း သံပန်းတံခါးတပ်ဆင်ပြုလုပ်ခြင်းလုပ်ငန်းအတွက် စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်း အမှတ် ၃၁ စကားဖြူခြံနေ ဦးကိုကိုထွေး-ဒေါ်အေးအေးသန်း(တော်ဝင်မိသားစု)က ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း)သို့ အလှူငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့

ဗုဒ္ဓဘုရား ၊ ဖွားချက်မြှုပ်ရာ
အောင်ချာပြည်မ ၊ ကပ္ပိလသို့
မွေးဘသုဒ္ဓေါ ၊ ဖူးမြော်လိုရှာ
ကြွလာစေလို ၊ ရာဇဂြိုဟ်သို့
အမတ်တို့အား ၊ သွားပင့်ချေကြ
ဗုဒ္ဓနှင့်တွေ့ ၊ ပြန်ရန်မေ့၏
ဧဟိဘိက္ခု ရဟန်းပြုကြလေကုန်သတည်း။
ဂေါတမဗုဒ္ဓေ ၊ ဖွားမြေဌာန
ကပ္ပိလသို့ ၊ ပြန်ကြွစေကြောင်း
ဖန်ဖန်တောင်းရာ ၊ ကာဠုဒါယီ
မထေရ်ညီလှ ၊ ပင့်လျှောက်မှသာ
မဟာသက္ကရာဇ် ၊ ခုနှစ်တစ်ရာ့သုံး
ဟေမာန်ဆုံးစ ၊ တပေါင်းလတွင်
ရှင်ပင်ဗုဒ္ဓ ၊ ကပ္ပိလသို့
မြန်းကြွလိုက်လျောခဲ့လေသည်။
ရှင်တော်ဗုဒ္ဓ ၊ ကြွရာလမ်းမှာ
ဝဲယာတစ်ခွင် ၊ တောင်ထိပ်ပြင်ဝယ်
ငှက်ငယ်ရှုမငြီး ၊ အမြီးကိုထောင်
အတောင်ကိုကော့ ၊ ဦးလည်မော့၍
ကြော့မော့ရွှင်ဖြိုး ၊ တင့်စနိုးလျှင်
မြူးရွှင်ခုန်က ၊ ရှုမဝနိုင်
လှပကြည်နူးဖွယ်တကား။
ပြည်တော်ဝင်ဗုဒ္ဓ ၊ ဂိမ္ဘာနဝယ်
သာလှပျော်မှု ၊ မြနုပုရစ်ဦး
ရွက်သစ်ဖူးဆဲ ၊ သန္တာခဲသို့
ရဲရဲပြောင်ဝင်း ၊ တောလုံးလင်းထိန်
သနင်းလူနတ် ၊ မြတ်စွာအရှင်
ပြည်တော်ဝင်နေ့ ၊ လပြည့်တပေါင်း
အခါကောင်းသည် ၊ သာပေါင်းစုံကြွယ်
တင့်တယ်ရွှန်းမြလှတော့၏။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် မတ်၁၈ရက်က အလှူငွေပေးအပ်ပွဲကျင်းပရာ အလှူရှင်ဟိန်းသူအောင်၊ အိကိုကိုတို့က ငွေကျပ်၁၁၅၀၀၀၊ သဇင်နွယ်ဆေးခန်း ဦးအောင်ကြည်-ဒေါ်အုန်းခင် မိသားစုက ငွေကျပ်၆၄၀၀၀၀၊ **United Pharma Co.,Ltd.** က ငွေကျပ် ၂၄၀၀၀၀ နှင့် **Online Donation Group** က ငွေကျပ် ၇၀၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(၁၃၅)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးသိန်းလွင် ဒေါ်အေးအေးတို့၏ မွေးနေ့အထိမ်းအမှတ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီး ဘုရားခန်း၌ကျင်းပသည့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် လောင်းလှူပွဲ အကြိုရေစက်ချမင်္ဂလာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယမန်နေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီး ဘုရားခန်း၌ကျင်းပသည့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် တပေါင်းလပြည့်နေ့တွင် ကျင်းပမည့် ဆွမ်းဆန်တော် လောင်းလှူပွဲ အကြိုရေစက်ချ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက်ပိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဂုဏောသနထံမှ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူကြသော မေတ္တာသုတ် ပရိတ်တော်များ နာယူကြသည်။

ယင်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေး ဗဟိုအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဆွမ်းဆန်တော် လောင်းလှူပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩသဓာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြကာ အကြိုရေစက်ချမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀	– ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	– ၁း၀၅	ဗုဒ္ဓမြတ်ရှင် ပြည်တော်ဝင် တပေါင်းလပြည့်နေ့တရားတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)
၈း၁၀	– ၂း၁၀	အရဏ်ဦးမှာ ကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၈း၂၅	– ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀	– ၂း၃၀	Myanmar Video Rhythm
၈း၅၅	– ၂း၅၅	နတ်မောက်စက်မှုလက်မှု အထက(၁) ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
၉း၁၀	– ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	– ၃း၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၃၅	– ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	– ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅	– ၃း၄၅	ဒေါက်တာချစ်ငယ် (ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့အထူးတရားပွဲ(၃) (နေပြည်တော်တပ်ကုန်း)
၁၀း၂၀	– ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅	– ၄း၂၅	Yangon Panorama
၁၀း၃၅	– ၄း၃၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၅	– ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	– ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	– ၅း၂၀	Art Vision Art Lover ပန်းချီအရောင်းပြခန်း
၁၁း၃၅	– ၅း၃၅	ဆီထွက်သီးနှံများထဲမှ ဆီအုန်း
၁၁း၅၀	– ၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	– ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀	– ၆း၀၀	လေလှိုင်းမှ ဖြေကြားပရိသတ်များအမေးစကား
၁၂း၂၀	– ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	– ၆း၂၅	Peace of Mind (ဒါရိုက်တာ–ကြည်ဖြူသျှင်)
၁၂း၃၅	– ၆း၃၅	VJ Choice
၁း၀၀	– ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မတ် ၁၆ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့ မြို့သစ် ၈ လမ်း မြို့ပြ ကတ္တရာလမ်းနှင့် မြို့သစ် ၃ လမ်း မြို့ပြ ကျောက်ချောလမ်းဖွင့်ပွဲသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့် တက်ရောက်ချီးမြှင့်ပြီး ပဲခူးတိုင်း (အနောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးဌေးအောင်နှင့် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမား များကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်နယ်နှင့် တိုင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ မန္တလေးတိုင်းအသင်း တံခွန်စိုက်ဆုဖလား ဆွတ်ခူး

နေပြည်တော် မတ် ၂၀

၂၀၀၈ ခုနှစ် အကြိမ်(၁၀)မြောက် ပြည်နယ်နှင့်တိုင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ မတ် ၁၄ ရက်မှ စတင်၍ အကျောမဲ့စနစ်ဖြင့် ကျင်းပခဲ့ရာ ပြည်နယ်နှင့်တိုင်းအသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မတ် ၁၈ ရက်တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပသောပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၆ နာရီတွင် ကျင်းပရာ တာဝန်ရှိသူများက အသင်းခေါင်းဆောင်များ၊ ပြိုင်ပွဲတွင်ဆုရရှိသူများ၊ တစ်ဦးချင်းပြိုင်ပွဲ (ငွေအဆင့်)တွင် တတိယဆုရ ရခိုင်ပြည်နယ်အသင်းမှ ကျော်လေးခိုင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းအသင်းမှ အေးမင်းဇော်နှင့် ပထမဆုရ ကချင်ပြည်နယ် အသင်းမှ သန့်ဇော်ဦးတို့အား လည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲ (ရွှေအဆင့်)တွင် တတိယဆုရရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်းမှ စိုးမိုးအောင်၊ ဒုတိယဆုရ မန္တလေးတိုင်းအသင်းမှ မောင်ညို၊ ပထမဆုရ ရန်ကုန်တိုင်း အသင်းမှ သက်ဇော်ထွေးတို့အား လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲ(ငွေအဆင့်) တွင် ဒုတိယဆုရ ဧရာဝတီတိုင်းအသင်းနှင့် ပထမဆုရ ကချင်ပြည်နယ်အသင်းတို့အား လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲ (ရွှေအဆင့်)တွင် ဒုတိယဆုရ ရန်ကုန်တိုင်းအသင်းနှင့် ပထမဆုရ မန္တလေးတိုင်းအသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုဖလား

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ဆု ရရှိသွားသော မန္တလေးတိုင်းအသင်းအား တံခွန်စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၁၅ ရက်က သန်လျင်မြို့နယ် စည်ပင်ခန်းမ၌ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင်အေး(ငြိမ်း)က ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

စီးပွားရေးဖွံ့ဖြိုးမှုအထောက်အကူပြု ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းမြှင့်တင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပ

နေပြည်တော် မတ် ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းမြှင့်တင်ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များကို မတ် ၁၈ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

ဖြည့်စွက်ဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းရှင်၁၁ဦးတို့က ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ် ချောမွေ့စွာဆောင်ရွက်နိုင်ရေး၊ လက်ရှိလုပ်ငန်းဆောင်ရွက်မှုများတွင် တွေ့ကြုံရသည့် အခြေအနေများ ဖြေလျှော့နိုင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အသိပညာရရှိရေးစာတမ်းကို ဖတ်ကြားဆွေးနွေးကြပြီး ကဏ္ဍအလိုက်တာဝန်ရှိသူများက သက်ဆိုင်ရာစာတမ်းများကို ဖြည့်စွက်ဆွေးနွေးကြသည်။ ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ညပိုင်းတွင်ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မြောက်ဥက္ကလာပမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၉ရက် နံနက် ၁၀နာရီက ရွှေပေါက်ကံ ၁၅ရပ်ကွက် လူငယ်အားမန် သုတဘဏ် စာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးအောင်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရန် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအကြောင်း ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)** ဆက်လက်၍ စာပေဝါသနာရှင် မဇင်မာထွေးက အခန်း(၁) နိုင်ငံတော် အခြေခံမူများမှ နိုင်ငံတော်နှင့်စပ်လျဉ်း၍ အခြေခံမူများ၊ နိုင်ငံတော် ဦးတည်ချက်နှင့် စပ်လျဉ်းသည့် အခြေခံမူများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်းသည့် အခြေခံမူများကိုလည်းကောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် မငြိမ်းငြိမ်းမြတ်ဇော်က နိုင်ငံတော် အုပ်ချုပ်ရမည့် စပ်လျဉ်းသည့်အခြေခံမူများ၊ တပ်မတော်နှင့် စပ်လျဉ်းသည့် အခြေခံမူများ၊ အရေးပေါ်ကာလနှင့် စပ်လျဉ်းသည့် အခြေခံမူများကိုလည်းကောင်း၊ စာကြည့်တိုက် အသင်းဝင် မဒေဇီက အခန်း(၂) နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံကိုလည်းကောင်း ဖတ်ကြားကြသည်။ အဆိုပါ ဖတ်ကြားသွားသော အခန်းကဏ္ဍများနှင့် နိုင်ငံတော်အကြီးအကဲ ရွေးချယ်ခြင်းကဏ္ဍ၊ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုကဏ္ဍတို့ကို မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ဖားအောက်တောရ မဟာသကြၤန်အထူးတရားစခန်း

ဖားအောက်တောရ ဆရာတော်ကြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏ၏ ဥပနိဿယအတိုင်း မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရိန္ဒ ဦးစီးပြီး မဟာသကြၤန် အထူးတရားစခန်းပွဲကို ဧပြီ ၉ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ တရားစခန်းပွဲတွင် တရားအားထုတ်လိုသူများ၊ ဒုလ္လဘ၊ သာမဏေနှင့် သီလရှင်ဝတ်လိုသူများသည် မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၂-၃၉၃၇၁သို့ဖြစ်စေ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းပြီး ဧပြီ၈ရက် အရောက် လာရောက်ကြရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

သီပေါ၌ ပရိယတ္တိစာပြန်ပွဲကျင်းပ

(၂၇)ကြိမ်မြောက် သီပေါမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာပြန်ပွဲတော်ကို သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အာရုံခံတန်ဆောင်းတော်ကြီး၌ မတ် ၄ ရက်မှ ၇ရက်အထိ ကျင်းပခဲ့သည်။ ပရိယတ္တိစာပြန်ပွဲတော်တွင် သီပေါမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၁၆ ကျောင်းမှ ရဟန်း၊ သာမဏေနှင့် သာသနာ့နွယ်ဝင်သီလရှင် ၂၁၇ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူကြပြီး မြို့နယ်သံဃနာယကအဖွဲ့ အာဂုံပြန်ရေးဆိုင်ရာ ကြီးကြပ်ဆရာတော်များ၊ ပုစ္ဆကစာထောက်စာမ ဆရာတော် ၂၅ပါးတို့က ကြီးကြပ်၍ ကျင်းပကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးဆေးရုံကြီးအတွက် ငွေပဒေသာပင်စိုက်ထူ

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အထွေထွေလုပ်ငန်း သုံးရန်အတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ဂေါပကဥက္ကဋ္ဌ ဦးသန်းတင့်က ကွယ်လွန်သူ တပါယ်ဗလီတကာဟာဂျီဦးဖိုးသာ၏ ဆန္ဒအရ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အထွေထွေလုပ်ငန်းသုံးစွဲရန် ငွေပဒေသာပင်ငွေ ၃၃၀၁၅၇ကျပ် ကို စိုက်ထူလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့သည်။ (၀၉၀)

အရိပ်ရပင်များ မိုးမောက်၌စိုက်ပျိုး

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးအတွက် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်စိုက်ပျိုးရေးအတွက် မတ်၂ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သော ဝန်ထမ်းများ ပျိုးထောင်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ယင်းနောက် ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းရေးကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ (ခရိုင် ပြန်/ဆက်)

ဖယ်ခုံ-ခေါင်းအိ-ပီကင်း ကျောက်ချောလမ်းဖွင့်

ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖယ်ခုံ-ခေါင်းအိ-ပီကင်း ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပသည်။ ၎င်းလမ်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ စည်ပင်အမှုဆောင်အရာရှိနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အခမ်းအနားတက်ရောက်သူများက ဖယ်ခုံ-ခေါင်းအိ-ပီကင်းကျောက်ချောလမ်းတစ်လျှောက် လိုက်လံကြည့်ရှု အားပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် နောင်ဆွမ်းစံပြကျေးရွာအုပ်စုရှိ ဝမ်လတ်၊ လုတ်လုံ၊ နမ့်ခိုက်နှင့် ခိုဟောကျေးရွာတို့တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲ၊ နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲစာဖတ်ဝိုင်းတို့ကို ဖေဖော်ဝါရီ၉ရက်က ကျင်းပသည်။ အခမ်းအနားတွင် လုတ်လုံစာကြည့်တိုက်နှင့်ဝမ်လတ်၊ နမ့်ခိုက်နှင့်ခိုဟောစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က ပေးအပ်လှူဒါန်းရာ လုတ်လုံကျေးရွာဥက္ကဋ္ဌ လုံးဆန်ဖုန်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း မှုခင်းသတင်းများ

အရက်မူးပြီး အော်ဟစ်ဆဲဆိုသူတစ်ဦး ဓားထိုးခံရ

ရန်ကုန် မတ် ၂၀

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရဲစခန်းသို့ မတ် ၁၈ရက် ည ၉နာရီက မင်းရဲကျော်စွာလမ်း (၇၁)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူ ဗိုလ်တောက် (ခ)သိန်းစိုး(၂၅နှစ်) (ဘ)ဦးစိုးသည် ဓားဒဏ်ရာဖြင့် ရောက်ရှိလာခဲ့သည်။ ဖြစ်စဉ်မှာ ဗိုလ်တောက်သည် အရက်သေစာသောက်စားပြီး ယင်းမြို့နယ်(၇၀)ရပ်ကွက် ဆုထူးပန်လမ်းပေါ်တွင် အော်ဟစ်ဆဲဆိုနေစဉ် အဆိုပါလမ်းတွင်နေထိုင်သူ ဖိုးချွား(ခ)အောင်သန်းဦးက အသင့်ပါလာသော အရိုးအသွား ၁၁လက်မခန့်ရှိဓားဖြင့် ထိုးခြင်းဖြစ်သည်။

ဓားထိုးခံရမှုကြောင့် ဗိုလ်တောက်(ခ)သိန်းစိုးမှာ နောက်ကျောတွင် ထိုးသွင်းဒဏ်ရာနှစ်ချက်နှင့် ယာဘက်ရင်ဘတ်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး သင်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသနေရစဉ် မတ် ၁၉ရက် နံနက် ၇နာရီက သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဖိုးချွားအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(ပ) သတင်းချက်အမှတ် ၃၂၃/၂၀၀၈ဖြင့် အမှုဖွင့်အရေးယူထားသည်။

နှစ်လုံးထီ၊ ချဲထီနှင့် ဘောလုံးပွဲ လောင်းကစားဒိုင်များ ဖမ်းဆီး

ရန်ကုန် မတ် ၂၀

သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ငမိုးရိပ်(၃)လမ်း အမှတ် ၆၃၆ နေ မြင့်မြင့်ကြည် (၄၂နှစ်)(ဘ)ဦးအောင်မိုး၏နေအိမ်တွင် နှစ်လုံးထီ၊ ချဲထီနှင့် ဘောလုံးပွဲလောင်းကစားဒိုင်အဖြစ် လုပ်ကိုင်နေကြောင်းသတင်းအရ အရှေ့ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက မတ် ၁၈ရက် ညနေ ၄နာရီ ၄၅မိနစ်ခန့်က သက်သေများနှင့်အတူ ယင်းနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီနှင့် ဘောလုံးပွဲလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့်အတူ လောင်းကြေးငွေကျပ် ၁၄၄၆၀၀အား သိမ်းဆည်းရမိခဲ့သည်။ အလားတူ ယင်းနေ့ ၆နာရီ မိနစ်၅၀က သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ဖြတ်လမ်း ၃ရှိ သမဝါယမဆိုင်ခန်းအတွင်း နေထိုင်သည့် ရဲလေး(ခ) တင်ဆွေထွန်း(အသက်၄၀) (ဘ)ဦးညွန့်မောင်၏ နေအိမ်သို့ ဆက်လက်သွားရောက် ရှာဖွေရာ နှစ်လုံးထီရောင်းချသည့် စာရွက်စာတမ်းများ၊ လောင်းကစားရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ လောင်းကြေးငွေကျပ် ၂၂၀၀၀ကို သိမ်းဆည်း ရမိခဲ့သည်။ ထို့ကြောင့် သင်္ဃန်းကျွန်းမြို့နယ် ရဲစခန်းက မြင့်မြင့်ကြည်နှင့် ရဲလေး(ခ) တင်ဆွေထွန်းတို့အပေါ် လောင်းကစား ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူထားသည်။ **(သတင်းစဉ်)**

21-3 (12) 1 3/21/08, 1:41 AM

လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်း အမှတ်ပေးသရဖူကို(၂၇)ကြိမ်မြောက်ဆောင်းပြီး ကာကွယ်ရေးကိုအနိုင်ယူပြီး ချန်ပီယံဆုကို (၆)ကြိမ်ဆက်တိုက် စံချိန်တင်ဆွတ်ခူးခဲ့ခြင်းဖြစ်

သတင်းမြင်ကွင်း - ဖိုးသော်ဇင်
ဓာတ်ပုံမှတ်တမ်း - ကိုကိုစိုးညွန့်

ရန်ကုန် မတ် ၂၀

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဟာ မတ် ၂၆ ရက်မှာ ပြီးဆုံးမှာဖြစ်ပေမယ့် ချန်ပီယံပိုင်ရှင်အသင်းဟာ ပေါ်ထွက်လာခဲ့ပြီဖြစ်ပြီး လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက အမှတ်ပေးချန်ပီယံဆုကို (၆)ကြိမ်ဆက်တိုက်ဆွတ်ခူးရရှိသွားခဲ့ပါတယ်။

စံချိန်တင်

ဘဏ္ဍာ/အခွန်ဘောလုံးအသင်းဟာ မတ် ၂၀ ရက်က သုဝဏ္ဏကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာ စတုတ္ထနေရာမှာရှိနေတဲ့ ကာကွယ်ရေးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၃၂ မှတ်နဲ့ ဗိုလ်စွဲသွားခဲ့တာဖြစ်ပါတယ်။ ယခုနှစ်မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးပွဲမှာ ဗိုလ်စွဲခဲ့တဲ့ ဘဏ္ဍာ/အခွန်အသင်းဟာ အမှတ်ပေးချန်ပီယံသရဖူကို (၂၇)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ၂၀၀၂-၂၀၀၃ ဘောလုံးရာသီကစလို့ အခု ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီအထိ (၆)ကြိမ်ဆက်တိုက်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

အမှတ်ပေးချန်ပီယံဆုကို (၂၇)ကြိမ်မြောက်ရရှိခဲ့တဲ့ ဘဏ္ဍာ/အခွန် (ယခင် အကောက်ခွန်၊ စီမံ/ဘဏ္ဍာ)အသင်းဟာ အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ (ယခင်ပထမတန်း)တစ်လျှောက် အအောင်မြင်ဆုံး အသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး ချန်ပီယံဆုကို (၆)ကြိမ်ဆက်တိုက်ဆွတ်ခူးနိုင်တဲ့ အသင်းအဖြစ် စံချိန်တင်နိုင်ခဲ့ပါတယ်။

ချန်ပီယံဘဏ္ဍာ/အခွန်အသင်းဟာ ယခုဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲမှာ အချို့ပွဲတွေ၌ မထင်မှတ်တဲ့ရလဒ်တွေထွက်ပေါ်ပြီး အမှတ်တွေဆုံးရှုံးခဲ့ပေမယ့် ချန်ပီယံဆုအတွက်အရေးကြီးတဲ့ အဆုံးအဖြတ်ပွဲစဉ်တွေမှာ အမှတ်ပြည့်ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဘဏ္ဍာ/အခွန်ဟာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ ဘဏ္ဍာ/အခွန်ဟာ အဆုံးအဖြတ်ပွဲစဉ်တွေဖြစ်တဲ့ မတ် ၁ ရက်မှာ စီးပွား/ကူးသန်းကို သုံးဂိုး-နှစ်ဂိုး၊ မတ် ၇ ရက်မှာ ကမ္ဘောဇကို တစ်ဂိုး-ဂိုးမရှိ၊ မတ် ၂၀ ရက်မှာ ကာကွယ်ရေးကို နှစ်ဂိုး-တစ်ဂိုးတွေနဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။

ဗိုလ်စွဲနိုင်

ဘဏ္ဍာ/အခွန်အသင်းဟာ ကမ္ဘောဇကိုအနိုင်ရတဲ့နေ့မှာ တတိယနေရာမှာ ရှိနေတဲ့ စီးပွား/ကူးသန်းကလည်း တပ်မတော်(ကြည်း)ကို သရေကျသွားခဲ့တာကြောင့် ဘဏ္ဍာ/အခွန်ဟာ ဒီနေ့ပွဲကို သရေကစားရုံနဲ့ ဗိုလ်စွဲနိုင်မှာဖြစ်ပါတယ်။ ဘဏ္ဍာ/အခွန်ဟာ အရေးကြီးတဲ့ပွဲစဉ်ဖြစ်တာကြောင့် လူစုံထုတ်ကစားခဲ့ပါတယ်။ ရန်ပိုင်ကို ရှေ့မှာအထောင်ထားပြီး စိုးမြတ်မင်းနဲ့ ကျော်ကျော်ခိုင်တို့ကို တောင်ပံမှာ ကစားစေခဲ့ပါတယ်။ ကွင်းလယ်မှာ အောင်ကျော်မိုး၊ လွင်ဦးနဲ့ထွန်းထွန်းဝင်းတို့ ကစားပြီး အောင်ထွန်းလင်း၊ မင်းမင်းအောင်၊ သူရအောင်နဲ့ စိုးလင်းထွန်းတို့က နောက်တန်းမှာ ကစားခဲ့ကြပါတယ်။ဂိုးပေါက်ကိုတော့ အောင်အောင်ဦးက တာဝန်ယူခဲ့ပါတယ်။ ကာကွယ်ရေးအသင်းဘက်ကလည်း ဌေးအောင်၊ ရဲဝေယံစိုး၊ ထွန်းမင်းနိုင်၊ တိုးမြင့်လှိုင်တို့နဲ့ လူစုံထုတ်ပြီး ရင်ဆိုင်ခဲ့ပါတယ်။

ပထမပိုင်းမှာ အနိုင်ရဖို့ စိတ်ဆန္ဒစောနေတာကြောင့် ဘဏ္ဍာ/အခွန် တိုက်စစ်ဟာ အားပျော့နေခဲ့ပါတယ်။ ကာကွယ်ရေးကတော့ ဘောလုံးပိုင်ဆိုင်မှုကို ဦးစားပေးကစားခဲ့တာ တွေ့ရပါတယ်။ ကွင်းလယ်က ဘောလုံးမထွက်တာ၊ တိုက်စစ်မှူးတွေ ဂိုးရှေ့မှာ နားလည်မှု လွဲနေတာကတော့ ဘဏ္ဍာ/အခွန်ကို ဂိုးရဖို့ ခက်ခဲစေခဲ့တာပဲဖြစ်ပါတယ်။ ၂၆မိနစ်မှာ အောင်ထွန်းလင်းကန်တင်တဲ့ ညာထောင့်ကန်ဘောကို ရန်ပိုင် ပြေးဝင်ခေါင်းတိုက်သွင်းပေမယ့် ကာကွယ်ရေးဂိုးသမား ထွန်းထွန်းလတ် ကာကွယ်သွားနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဘဏ္ဍာ/အခွန်က ကျော်ကျော်ခိုင်၊ ရန်ပိုင်နဲ့ စိုးမြတ်မင်းတို့ရဲ့ ကန်သွင်းမှုတွေကို ကာကွယ်ရေးဂိုးသမား ဆက်လက် ကာကွယ်သွားနိုင်ခဲ့ပါတယ်။

ဘဏ္ဍာ/အခွန် တိုက်စစ်မှူး ရန်ပိုင်၏ ခေါင်းတိုက်ဂိုးသွင်းဟန်။
(မြန်မာ့အလင်း)

ထိုင်ကစား

ဒုတိယပိုင်းအစ တစ်မိနစ်မှာတော့ ဘဏ္ဍာ/အခွန်တို့ ဖွေဆော်ဦးဂိုးစတင်ရရှိခဲ့ပြီး ရန်ပိုင်က ဆွဲပြေးကာကန်သွင်း ယူခဲ့ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှာတော့ ဘဏ္ဍာ/အခွန်ဟာ ပွဲကိုစိုးမိုးလာနိုင်ခဲ့ပါတယ်။ ၇၁ မိနစ်မှာ ကွင်းလယ်မှ ထွန်းထွန်းဝင်းပေးတဲ့ဘောလုံးကို အောင်ထွန်းလင်းက ဘဏ္ဍာ/အခွန်အတွက် ဒုတိယဂိုး ထပ်မံသွင်းယူသွားခဲ့ပါတယ်။ ဒီဒုတိယဂိုးဟာ ဘဏ္ဍာ/ အခွန်ရဲ့ အနိုင်ကိုသေချာစေခဲ့ပြီး နှစ်ဂိုးသွင်းပြီးတဲ့နောက်ပိုင်းမှာတော့ ဘဏ္ဍာ/အခွန်တို့ဟာ ပွဲကိုထိန်းကစားသွားခဲ့ပါတယ်။ ပွဲပြီးရန် နှစ်မိနစ်အလိုမှာ အောင်ကိုမင်းက ကာကွယ်ရေးအတွက် နှစ်သိမ့်ဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် နောက်ကျသွားခဲ့ပြီဖြစ်ပြီး ဘဏ္ဍာ/အခွန်တို့ဟာ အနိုင်ရလဒ်ကို အမိအရ ဆုပ်ကိုင်နိုင်ခဲ့ပါတယ်။

ဘဏ္ဍာ/အခွန်အသင်းမှာ **ဂိုး**-အောင်အောင်ဦး၊ **နောက်တန်း**-အောင်ထွန်းလင်း၊ သူရအောင်၊ မင်းမင်းအောင်၊ စိုးလင်းထွန်း(နီမောင်မောင်အောင်)၊ **အလယ်တန်း**-လွင်ဦး၊ ထွန်း ထွန်းဝင်း၊ အောင်ကျော်မိုး(ကျော်သူရ)၊ **ရှေ့တန်း**-စိုးမြတ်မင်း၊ ရန်ပိုင်နဲ့ ကျော်ကျော်ခိုင်(ပိုင်စိုး)တို့ ပါဝင်ကစားခဲ့ ကြပါတယ်။ ကာကွယ်ရေးအသင်းမှာ **ဂိုး**-ထွန်းထွန်းလတ်၊ **နောက်တန်း**-တိုးမြင့်လှိုင် (ဇော်ဇင်ထက်) လှထွန်းအောင်၊ ဌေးအောင်၊ မင်းသိုက်အောင် (ညီညီထွေး)၊ **အလယ်တန်း**-နေဝင်းအောင်၊ စန်းမောင်၊ အောင်ကိုမင်း၊ ယဉ်မောင်သင်း၊ **ရှေ့တန်း**-ရဲဝေယံစိုးနဲ့ ထွန်းမင်းနိုင်၊ (ကျော်မင်း) တို့ပါဝင် ကစားသွားကြပါတယ်။

ဗိုလ်စွဲခဲ့

ဒီနေ့ပွဲအပြီးမှာ ဘဏ္ဍာ/အခွန်က ပွဲကုန် ၁၃ ပွဲကစား၊ ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး၊ ၃၂မှတ်နဲ့ ဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။ ဘဏ္ဍာ/အခွန် အမှတ်ပေးချန်ပီယံဆုကို ရရှိခဲ့တဲ့နှစ်တွေကတော့ ၁၉၂၄၊ ၁၉၂၆၊ ၁၉၃၀၊ ၁၉၃၉၊ ၁၉၄၁၊ ၁၉၄၈၊ ၁၉၅၀၊ ၁၉၅၁၊ ၁၉၅၃၊ ၁၉၆၃၊ ၁၉၇၈-၇၉၊ ၁၉၇၉-၈၀၊ ၁၉၈၀-၈၁၊ ၁၉၈၁-၈၂၊ ၁၉၈၃-၈၄၊ ၁၉၈၅-၈၆၊ ၁၉၈၇-၈၈၊ ၁၉၉၃-၉၄၊ ၁၉၉၄-၉၅၊ ၁၉၉၅-၉၆/၉၇၊ ၁၉၉၈-၉၉-၂၀၀၀၊ ၂၀၀၂-၂၀၀၃၊ ၂၀၀၃-၂၀၀၄၊ ၂၀၀၄-၂၀၀၅၊ ၂၀၀၅-၀၆၊ ၂၀၀၆-၀၇နဲ့ အခု ၂၀၀၇-၀၈ တို့ပဲ ဖြစ်ပါတယ်။

အဆုံးအဖြတ်ပေး

မတ် ၂၀ရက် ပွဲစဉ်များအပြီး အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲမှာ ချန်ပီယံအသင်းနဲ့ တန်းဆင်းရမည့်တစ်သင်း(တပ်မတော်ကြည်း) တို့ပေါ်ထွက်လာခဲ့ပေမယ့် တန်းဆင်းရမယ့် နောက်တစ်သင်းနဲ့ ဒုတိယဆုရအသင်းတို့ ထွက်ပေါ်လာခြင်းမရှိသေးပါဘူး။ လက်ရှိမှာကမ္ဘောဇက ပွဲကုန် ၂၉မှတ်နဲ့ ဒုတိယနေရာမှာ ရှိနေပေမယ့် ၂၆မှတ်ရရှိထားတဲ့ စီးပွား/ကူးသန်းဟာ မတ် ၂၆ရက်မှာ ကစားမယ့်ပွဲမှာ မြို့တော်စည်ပင်ကို အနိုင်ကစားနိုင်ခဲ့ရင် ဂိုးကွာခြားချက်နဲ့ ဒုတိယနေရာကို ရရှိမှာဖြစ်ပါတယ်။ တန်းဆင်းနောက်တစ်သင်းအတွက်လည်း ၁၂မှတ်ရထားပြီး ပွဲကုန်နေပြီဖြစ်တဲ့ Royal Eleven နဲ့တစ်ပွဲကျန် ၁၀မှတ်ရထားတဲ့ သစ်တောတို့အပြိုင်ဖြစ်နေပါတယ်။ မတ် ၂၄ရက်မှာ ကစားမယ့်သစ်တောနဲ့ စွမ်းအင်ပွဲက အဆုံးအဖြတ် ပေးသွားမှာ ဖြစ်ပါတယ်။

ယခုနှစ် အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲဟာ အရင်နှစ်တွေနဲ့ မတူဘဲ ချန်ပီယံဆုအတွက်ရော တန်းဆင်းအသင်းတွေအတွက်ပါ အသင်းအများအပြား ပြိုင်ဆိုင်ခဲ့ကြပါတယ်။ ပြည်တွင်းပြိုင်ပွဲတွေဟာ ဒီလိုအကြိတ်အနယ်ရှိလာတာကြောင့် မြန်မာဘောလုံးလောကအတွက် ကောင်းတဲ့လက္ခဏာလို့ပဲ ဆိုရမှာဖြစ်ပါတယ်ခင်ဗျား။ ။

လက်ကျန်ပွဲစဉ်များ

၂၄-၃-၂၀၀၈ရက်	**သစ်တော**	**-**	**စွမ်းအင်**
၂၅-၃-၂၀၀၈ရက်	**တပ်မတော်(ကြည်း)**	**-**	**ပို့ဆောင်ရေး**
၂၆-၃-၂၀၀၈ရက်	**စီးပွား/ကူးသန်း**	**-**	**မြို့တော်စည်ပင်**

(မြန်မာ့အလင်း)

(၆)ကြိမ်ဆက်တိုက် အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ဘဏ္ဍာ/အခွန် ဘောလုံးအသင်း။
(မြန်မာ့အလင်း)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၉

ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့နယ် အောင်မင်္ဂလာ ရပ်ကွက်ရှိ မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်မှ ဒွိပိဋကရေ ဒွိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ တိုက်အုပ်ဆရာတော် အရှင် ဣန္ဒောဘာသ လင်္ကာရအား **(ယာပုံ)**ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို မတ် ၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မဟာခေမိကာရာမ ရွှေကျောင်စာသင်တိုက်၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျော့မှူးစျေး မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ

ကျော့မှူး မတ် ၅

ရန်ကုန်တောင်ပိုင်းခရိုင် ကျော့မှူးမြို့စည်ပင်သာယာစျေးတာဝန်ခံရုံးတွင် မတ်၃ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နည်းကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးအေးသွင်တို့က ဆွေးနွေးဟောပြောကြပြီး စျေးသူ၊ စျေးသားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် တာမွေ၁၆၆လမ်းနေ ဦးတင်မောင်မြင့်-ဒေါ်စီစီမာမိသားစုက ဦးတင်မောင်မြင့် မွေးနေ့ကောင်းမှုအတွက် အမေရိကန် ဒေါ်လာ၁၀၀ကို ဆရာတော်ထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာလက်ခံယူစဉ်။ (၁၁၇)

မီးသတ်ရေစုပ်စက် မြန်အောင်၌လှူဒါန်း

မြန်အောင် မတ် ၄

မြန်အောင်မြို့အမှတ်(၁)ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေစုပ်စက်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၄ရက်က အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးကြူ၊ ရပ်ကွက် မီးငြိမ်းသတ်ရေး ကိရိယာဖြစ်မြောက်ရေးနှင့် တည်တံ့ခိုင်မြဲရေး ကော်မတီဝင် ဦးစိုးလွင်၊ ဦးအေးချို့နှင့် ကော်မတီဝင်များ၊ အလှူရှင်များက ငွေကျပ် ၇၅၀၀၀၀ တန် မီးသတ်ရေစုပ်စက် နှစ်လုံးကို ပေးအပ်လှူဒါန်းရာ အမှတ်(၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အလုံ ဒီပါရုံ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ငပုတော မတ် ၁၀

ငပုတောမြို့နယ် ရွှေးဟောင်း သမိုင်းဝင် လေးဆူဒီပါ စာရင်းဝင် မော်တင်ရိုးမတောရမဟီ၊ ဝိဇ္ဇာဌာနီ အလုံပြည်ရှိသော ပျဉ်းမချောင်း အလုံ ဒီပါရုံ(အတွင်း) ဗုဒ္ဓပူဇနီယပွဲတော်အား ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်မှ ၁၁ရက် (မတ် ၂၄ရက်မှ ဧပြီ ၁၁ရက်)အထိ ကိုးရက် တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

ကန့်ဘလူ ကြက်ခြေနီအသင်း လုပ်ငန်းညှိနှိုင်း

ကန့်ဘလူ မတ် ၃

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကြက်ခြေနီအသင်း အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ရက် ညနေ၃နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ စုံညီစွာ တက်ရောက်ကြောင်း သိရသည်။

ဆွေးနွေး

အစည်းအဝေးတွင် မြို့နယ် ဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး အသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဌေးကြွယ်၊ ကြက်ခြေနီတပ်ရင်းမှူး ဒုတိယရဲမှူး ခင်ကြူးတို့က အသင်း၏လုပ်ငန်းများ သွက်လက်ထက်မြက်ရေး၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့်အတူ မြို့ရွာ တိုးတက် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဆုံးဖြတ်

ထို့နောက် အသင်း၏တစ်နှစ်တာ ရှေ့လုပ်ငန်းစဉ်များချမှတ်၍အသင်း၏ ရည်ရွယ်ချက်များ အကောင်အထည် ဖော်ဆောင်ရွက်ရန်ဆုံးဖြတ်ကြသည်။ (၀၂၇)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

နေပြည်တော်(တပ်ကုန်း) မတ် ၃

နေပြည်တော်တပ်ကုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ထူးနှင့် ရပ်သံကျွမ်းကျင်-၃ ဦးသိန်းဌေးတို့သည် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ပင်သောင်ကျေးရွာ၊ ကျောင်းကုန်း ကျေးရွာများသို့ ဖေဖော်ဝါရီ ၁၉ရက်က သွားရောက်ပြီး ကျေးရွာ စာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ ခိုင်မာသည့် စာကြည့်တိုက် အင်္ဂါရပ်(၅)ရပ်နှင့်အညီ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ အဆောက်အအုံ ဆောက်လုပ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၆ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေဝါနဒီပန်းခြံအတွင်း သာယာလှပရေး ဆောင်ရွက်ထားမှုအား လှည့်လည်ကြည့်ရှုရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက လိုက်လံရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်အလိမ္မာပျိုးခင်းစာကြည့်တိုက်သို့ စာအုပ်များလှူ

ပြင်ဦးလွင် မတ် ၈

ပြင်ဦးလွင်မြို့နယ် ညောင်ပေါ ကျေးရွာ အလိမ္မာပျိုးခင်း စာကြည့်တိုက်သို့ ဆရာမကြီး ဒေါ်ခင်ကြည်ကြည် မိသားစု (ရင်ငြိမ်းငယ်ဘော်ဒါ)မှ ရုပ်မြင်သံကြားပြစက်၊ ရုပ်မြင်သံကြားတင်စင်၊ မှန်ဗီရိုနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက်တွင် အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြင်ဦးလွင် ခရိုင် ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းနှင့် ဝန်ထမ်းများ၊ အလှူရှင် ရင်ငြိမ်းငယ်ဘော်ဒါ ဆရာမကြီး ဒေါ်ခင်ကြည်ကြည်နှင့် မိသားစုများ၊ ညောင်ပေါကျေးရွာဥက္ကဋ္ဌ ဦးကြည်နှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာသူရွာသားများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင်ဆရာမကြီး ဒေါ်ခင်ကြည်ကြည်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၁၇၇၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားစက်တစ်လုံး၊ ငွေကျပ် ၁၃၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားတင် စင်တစ်ခု၊ ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ မှန်ဗီရိုတစ်လုံးနှင့် ငွေကျပ် ၉၀၀၀၀ တန်ဖိုးရှိ စာအုပ်၊ စာစောင်များ စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀ကို ကျေးရွာ စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကြက်မွေးမြူရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်

ဘားအံ ဖေဖော်ဝါရီ ၂၅

ကရင်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်း၍ ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၅ရက်က ဘားအံခရိုင် မွေးမြူရေးနှင့် ကုသရေးရုံးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းတွင် အသားတိုး ကြက်မွေးမြူရေးဘာသာရပ်၊ ဥစားကြက်မွေးမြူရေးဘာသာရပ်နှင့် ကြက်ရောဂါများ၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဇီဝလုံခြုံရေး ဘာသာရပ်များကို သင်ကြားပို့ချသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ



ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ခရမ်း-ဒေးပေါက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးဝိနယာဓိက ပရိယတ္တိအသင်းကြီး၏ အောင်လက်မှတ်ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်း

ပဲခူး မတ် ၁၆

ပဲခူးမြို့ ဝိနယာဓိက ပရိယတ္တိ အသင်းကြီး၏ (၆၂)ကြိမ်မြောက် အောင်လက်မှတ် ဘွဲ့တံဆိပ် ဆက်ကပ် လှူဒါန်းပွဲကို မတ် ၁၆ ရက် နံနက် ၉နာရီက ပဲခူးမြို့ အာယုဝဍ္ဍန ကုသိုလ်ဖြစ် သံဃာ့ဆေးကုဌာနခန်းတွင် ကျင်းပခဲ့သည်။

တက်ရောက်

ယင်းဆက်ကပ်လှူဒါန်းပွဲသို့ဩဝါဒ ဆရာတော်ကြီးများ၊ ဝိနယာဓိက ပရိယတ္တိအသင်း အသင်းဥက္ကဋ္ဌ ဦးကျော် (ကမ္ဘာလင်း)နှင့် အမှုဆောင်များ၊ စာအောင် သံဃာတော်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယခုနှစ်တွင် မဇ္ဈိမနိကာယပါရဂူ တန်းတွင် ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက်မှ သက်တော် ၂၅နှစ်ရှိ ဉူးခေမာစာရက သုံးကျမ်းကို နှစ်ခြားအောင်မြင်သောကြောင့် ပဲခူး-ဝိနယာဓိက မဇ္ဈိမနိကာယပါရဂူ ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်း ပူဇော်ခံရသည်။

စာမေးပွဲတွင် သံဃာတော် ၁၇ ပါး အောင်မြင်ရာ အလှူရှင်များက ဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြရာ ဦးကြည်လင်း (စိန်ဘယက်ဆေးတိုက်)နှင့်မိခင်တို့က ပါဝင်လှူဒါန်း ဆက်ကပ်ခဲ့ကြသည်။

(ယာပုံ) (ဝ၆ဝ)

ပြည်မြို့ သမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက် စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပကအဖွဲ့ ရုံးတွင်ကျင်းပရာ ပြည်မြို့ အမှတ် ၁၉၅ ပုဆိုးတန်းလမ်းနေ ဒေါ်လှအေးအား အမှူးထား၍ ဦးချစ်လှိုင်-ဒေါ်တင်သန်း မိသားစုက အလှူငွေကျပ် ၂၉သိန်းကို ပေးအပ်လှူဒါန်းရာ အလှည့်ကျဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်စဉ်။ (ဝ၅၇)

ဗိုလ်မှူးကြီး ချစ်တင်အား ရည်စူး၍ ဒဂုံမြို့နယ် ဦးဝိစာရ အိမ်ရာနေ ဇနီး ဒေါ်ကြင်ကြင်နှင့် သားသမီးမြေး တစ်စုတို့က ကြေးပြား လေးချပ်၊ တန်ဖိုး ငွေကျပ်တစ်သိန်းကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)ထံ လှူဒါန်းကြစဉ်။ (က-ပ)

ဘားအံနယ် ဆောင်းမြေပဲ အထွက်တိုး

ဘားအံ မတ် ၈

ဘားအံ မြို့နယ်တွင် ယခုနှစ် ဆောင်းရာသီ ဆောင်းမြေပဲကို ရာသီကုန်၌ ၁၁၃၈၃ ဧက စိုက်ပျိုးခဲ့ရာ ဧက ၃၇၉၄ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။ အထွက်နှုန်းမှာ တစ်ဧက ၆၄ဒသမ ၁၅တင်း ထွက်သဖြင့် မြေပဲ ၂၄၃၃၈၅ တင်း ထွက်ရှိခဲ့သည်။

ထွက်ရှိ

ဆောင်းနှမ်းကို ရာသီကုန်အထိ ၃၂၇၃ဧကစိုက်ခဲ့ရာ ၇၉၀ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။ ၁၂ ဒသမ ၃၂ တင်း ထွက်သဖြင့် နှမ်း ၉၇၃၃ တင်း ထွက်ရှိခဲ့သည်။

ပဲမျိုးစုံကို ရာသီကုန်အထိ ၅၅၉၄၁ ဧက စိုက်ပျိုးခဲ့သည်။

ဆောင်းနေကြာမှာ ၂၀၄၂ ဧက စိုက်ပျိုးပြီးသော်လည်း ဆက်လက်စိုက်ပျိုးဆဲဖြစ်သည်။ အလားတူ နွေနှမ်းကိုရေသွင်း၍ ၃၄၄ ဧကစိုက်ထားပြီးဖြစ်သော်လည်း ဆက်လက် စိုက်ပျိုးဆဲ ဖြစ်သည်။

အလားတူ ကြက်သွန်နီကို ဘားအံ မြို့နယ်အတွင်း၌ ၅၁ ဧက စိုက်ပျိုးပြီး ဖြစ်သော်လည်း ကျေးရွာများတွင် ဆက်လက် စိုက်ပျိုးဆဲ ဖြစ်ကြောင်း သိရသည်။ (ဝဝ၈)

သန်လျင် သာသနာ့ဝိပုလကာရီ သိမ်ကျောင်းဆောက်လုပ်ရန်ငွေလှူဒါန်း

သန်လျင် မတ် ၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် မူလဟံသာဝတီ ကမ္မဌာန်ကျောင်းတိုက်အတွင်း သာသနာ့ဝိပုလကာရီ သိမ်ကျောင်းဆောင်အတွက် မတည်အလှူရှင်များဖြစ်ကြသော စာရေးဆရာ သားအောင်မြင့်နှင့် ရှယ်ဖလ်မလီကုမ္ပဏီ ဝန်ထမ်းမိသားစု မော်မောင်းလျန်ရွာ ဖားကန့်မြို့နယ် ကချင်ပြည်နယ်က ငွေကျပ်ငါးသိန်း၊ ကိုထွန်းဝင်း၊ မနွဲ့သန္တာချစ်မိသားစု ရှရော်ခရဝမ်းကုန်းရွာ ဖားကန့်က ငွေကျပ် သုံးသိန်းနှင့် ကိုရူပါစိုး-မအေးပွင့် မိသားစုက ငွေကျပ် နှစ်သိန်း၊ မြောက်ဖြူရွာ ရတနာသိဒ္ဓိ ဓမ္မာရုံသာသနာ အကျိုးတော်ဆောင်အဖွဲ့က ငွေကျပ်တစ်သိန်းခွဲ၊ ရှရော်ခ-ရဝမ်ကုန်း ဈေးသူ ဈေးသားများက ငွေကျပ်နှစ်သိန်း၊ ကိုသိန်းမင်းနိုင်-မမွှေးမွှေးညွန့်မိသားစု သမာဓိလမ်း အုတ်ဖိုစုရပ်ကွက် သန်လျင်က ငွေကျပ်တစ်သိန်း၊ ကိုရုံးရွှေ-မမိုးမိုးမိသားစု ရှရော်ခ-ဖားကန့် ကချင်ပြည်နယ်က ငွေကျပ် တစ်သိန်း၊ ကိုအောင်မိသားစုက ငွေကျပ်တစ်သိန်း၊ ကိုမောင်ကြီး - ဒေါ်သန်းသန်းနွယ် လှိုင်ကော် ကွမ်းယာဆိုင် မိသားစု ရဝမ်ကုန်-ဖားကန့် ကချင်ပြည်နယ်က ငွေကျပ်တစ်သိန်း၊ နန်းခင်ခင်မိုး၊ နန်းခင်ခင်နွမ်း ဖားကန့်ကြီးထမင်းဆိုင် မိသားစု မြို့မရပ်ကွက် ဖားကန့်မြို့ ကချင်ပြည်နယ်က ငွေကျပ်တစ်သိန်း၊ ဆရာတော် ဦးနန္ဒပါလထံသို့ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း- ဝ၉-၅ဝ-၂၅၈၇၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ သိပ္ပံလမ်းထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းတွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မီမီခိုင်နှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အိတ်ချ်အိုင်ဗွီပိုး ကင်းစင်သော သွေးသန့်ရရှိရေး ကျောက်မဲ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကျောက်မဲ မတ် ၁၀

ကျောက်မဲခရိုင် ကျောက်မဲမြို့ ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ မတ် ၈ ရက်က အိတ်ချ်အိုင်ဗွီပိုး ကင်းစင်သော သွေးကောင်းသွေးသန့် ရရှိရန်အတွက် အသိပေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကိုကိုကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးအေးမူက ရှင်းလင်းဆွေးနွေးပြောကြားသည်။ ယင်းနောက် လားရှိုးမြို့ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်ကျော်က အိတ်ချ်အိုင်ဗွီပိုး ကင်းစင်သော သွေးကောင်းသွေးသန့်များရရှိရေး အသိပေးဆွေးနွေးမှာကြားပြီး အခမ်းအနား တက်ရောက်လာသူများ၏ ပြန်လည်ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက် ရေရှည်တည်တံ့ရေး မချမ်းဘော၌ဆွေးနွေး

ပူတာအို ဖေဖော်ဝါရီ ၂၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကချင်ပြည်နယ် ပူတာအိုခရိုင်ဦးစီးအရာရှိ ဦးအောင်သန်းသည် မချမ်းဘောမြို့နယ်ဦးစီးမှူး ဦးယုခမင်လိုက်ပါ၍ ဖေဖော်ဝါရီ ၂၀ရက်က မချမ်းဘောမြို့နယ် ထရန်ဒိမ်းကျေးရွာ နယူးစတား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ဆင်လွမ်ဒမ်းကျေးရွာ ဆန်းရှိုင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ကွင်းဆင်းကြည့်ရှုကာ ကျေးရွာတာဝန်ရှိသူများ စာကြည့်တိုက်ကော်မတီဝင်နှင့် စာကြည့်တိုက်မှူးတို့နှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည် တည်တံ့ခိုင်မြဲရေး ဆွေးနွေးသည်။ **(ခရိုင် ပြန်/ ဆက်)**

ကျောက်မဲ၌ ကလေးသုံးမြွှာပူး မွေးဖွား

ကျောက်မဲ မတ် ၂၀

ကျောက်မဲမြို့နယ် လွယ်ခေါ်ကျေးရွာနေ မခင်နု အသက်(၂၁)နှစ်သည် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ သားဦးအဖြစ် သမီးမိန်းကလေးနှစ်ဦးကို မတ် ၆ရက် ညပိုင်းတွင်လည်းကောင်း၊ သားယောကျ်ားလေးတစ်ဦးကို မတ် ၇ရက် နံနက်ပိုင်းတွင်လည်းကောင်း သုံးမြွှာပူးမွေးဖွားခဲ့သည်။

အဆိုပါကလေးသုံးမြွှာပူး၏ မိခင်နှင့် အခြားချို့တဲ့နွမ်းပါး မွေးလူနာများအတွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကြေး၊ အနှီးပိတ်နှင့် ကလေးအဝတ်အထည်များ ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ခရိုင်ရုံး (သထုံ)မှ ခရိုင်ဦးစီးမှူးဦးသိန်းထွန်း၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဌေး၊ သထုံခရိုင် ယာဉ်စည်း ကမ်း လမ်းစည်း ကမ်း ထိန်းသိမ်းရေးကော်မတီအ တွင်း ရေး မှူး ဒုရဲအုပ်မြင့်နိုင်တို့ ပူးပေါင်းပြီး မတ် ၃ရက်က ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းရေးအတွက် ပညာပေးဆောင်ရွက်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E. Mr. Vu Trong Kim ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကိုးမိုင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းတို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E. Mr. Vu Trong Kim ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung လည်း တက်ရောက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E. Mr. Vu Trong Kim တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E. Mr. Vu Trong Kim ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကိုးမိုင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

သတင်းနှင့် ဆောင်းပါးအညွှန်း

❒ သံသယကို ရှေ့တန်းတင်ခဲ့မိရာဝယ်.... ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း စာ-၅

❒ အာတိတ်ဒေသ ရေခဲများ ဖုံးလွှမ်းမှု စာ-၆

❒ အိုးထရက်ဖို့ဒ်မှာ ရင်ပွင့်မတတ် နွဲ့ရတော့မယ့် မန်ယူနဲ့ လီဗာပူး
မောင်မောင်မြင့်ဆွေ၏ အားကစားဆောင်းပါး စာ-၇

❒ တပေါင်းလသည် မြန်မာလများတွင် တစ်နှစ်တာ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင် ကျရောက်၍ ဒုတိယလဝက်သည် နွေရာသီတွင် ကြရောက်ရကား ဆောင်းကြွင်းနွေဦးလဖြစ်သဖြင့် သစ်ပင်များ ရွက်ဟောင်းစွန့်၍ ရွက်သစ်လွန့်ကာ အညွန့်အညှောက်များ ပေါ်ထွက်ခြင်းဖြင့် တင့်တယ် သာယာလှပေသည်။ ရာသီပန်းဖြစ်သော သရဖီပန်းတို့သည်လည်း ပွင့်လန်းကြကုန်၏။
ဦးကျော်စိန် (မန္တလေး)၏ နွေဦးအစ တပေါင်းလ ဆောင်းပါး စာ-၁၀